ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၂)၊ အမှတ် (၅)


## အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ ဒေသစာရီကြွချီအပူဇော်ခံမည်

ရန်ကုန် အောက်တိုဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူသည် ၁၃၆၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက် (အောက်တိုဘာ ၁၄ ရက်)မှစ၍ ၂၁ ဌာနသို့ ဒေသစာရီ ကြွချီအပူဇော်ခံမည်ဖြစ်သည်။ ညောင်ရွှေမြို့သို့ အောက်တိုဘာ ၂၀ ရက်တွင် ရောက်ရှိတော်မူမည်ဖြစ်ပြီး အောက်တိုဘာ ၂၂ ရက်အထိ ကိန်းဝပ်အပူဇော်ခံမည်ဖြစ်သည်။ အင်းလေးဖောင်တော်ဦး ရတနာစံကျောင်းတော်ကြီးသို့ အောက်တိုဘာ ၃၁ ရက်တွင် ပြန်လည်ကြွမြန်းကိန်းဝပ်မည်ဖြစ်သည်။

ညောင်ရွှေမြို့နှင့် အင်းလေးဖောင်တော်ဦးကျောင်းတော်ကြီးတို့တွင် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို အင်းသားရိုးရာလှေပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ဇာတ်၊ အငြိမ့်၊ သမဝါယမဈေးပွဲတော်၊ ပျော်ပွဲရွှင်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပွဲတော်အတွက် ဆိုင်ခန်းနေရာ ရရှိလိုသူများ၊ ကုန်ပစ္စည်းနှင့်လုပ်ငန်းကြော်ငြာလိုသူများသည် ပွဲတော်ကျင်းပရေးကော်မတီ ညောင်ရွှေ အင်းလေးတို့နှင့် ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် မစ္စတာရှိုင်ယန်ဆာရမ်နှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့၌ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် မစ္စတာရှိုင်ယန်ဆာရမ်နှင့်အဖွဲ့ဝင်များအား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံမှ ဧည့်သည်တော်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အိန္ဒိယသမ္မတ နိုင်ငံတို့အကြား နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**မြန်မာ့အလင်း**
ခေါင်းကြီး
သတင်း
ဆောင်းပါး
အညွှန်း

❑ မြန်မာ့မြေပေါ် သဘာဝအဖိုးထိုက် သစ်တောများမှထွက်ရှိသော မြန်မာ့ကျွန်းရွှေဝါသည် နိုင်ငံဖွံ့ဖြိုးရေးနှင့် စီးပွားတိုးတက်ရေးလုပ်ငန်းများကို များစွာ အကျိုးပြုလျက်ရှိသည်။ ခေါင်းကြီး(စာ-၂)

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ဤသုံးပါးစလုံးသည် ယခုခေတ် နှစ်ဆယ့်တစ်ရာစု ပညာလွှမ်းမိုးသောခေတ်၊ ပညာ့လူ့ ရွာ လူ့ကမ္ဘာ၌လည်း တန်ဖိုးမဖြတ်နိုင်သော ကမ္ဘာ့ဆရာသုံးဆူသဖွယ် အလေးအမြတ်ထားကြရလိမ့်မည်ဖြစ်သည်။ ဦးသန်းဦး၏ ဆောင်းပါး(စာ-၁၀)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

# သစ်အခြေခံစက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းအောင်ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသား ပြည်သူများအပေါ် မှန်ကန်ဖြူစင်သည့် စေတနာထားရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစေရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် အမျိုးသားစီးပွားရေး ပိုမိုတိုးတက်မြင့်မားစေမည့် အခြေခံကောင်းများ၊ ရလဒ်ကောင်းများ ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေသည်ကို အထင်အရှားမြင်တွေ့နိုင်ပေသည်။

ယခုကဲ့သို့ ရလဒ်ကောင်းများဖြစ်ထွန်းလာ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ အစဉ်တစိုက် ရိုးသား မှန်ကန်စွာ ကြိုးစားဆောင်ရွက်လာခဲ့သည့် တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များအတွက်လည်း အကျိုးရလဒ်ကောင်းများ အမှန်တကယ် ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း စီးပွားဖြစ်လုပ်ကိုင်နေသည့် လုပ်ငန်းများအနက် မြန်မာ့သစ်လုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာ့မြေပေါ် သဘာဝအဖိုးထိုက် သစ်တောများမှ ထွက်ရှိသော မြန်မာ့ကျွန်းရွှေဝါသည် နိုင်ငံဖွံ့ဖြိုးရေးနှင့် စီးပွားတိုးတက်ရေးလုပ်ငန်းများကို များစွာအကျိုးပြုလျက် ရှိသည်။

မြန်မာ့ကျွန်းရွှေဝါသည် နိုင်ငံခြားဝင်ငွေ အစိတ်အပိုင်းတစ်ရပ်ကို ဖြည့်ဆည်းပေးရုံမျှသာမက နေအိမ်၊ အဆောက်အအုံ၊ လူ့အသုံးအဆောင်ပစ္စည်းများ အဖြစ်လည်း အလှဆင်ဖန်တီးပေးနိုင်သည်။ ထိုသို့ဖန်တီးပေးရန်အတွက် အဆင့်မြင့် သစ်အချောထည်ပစ္စည်းများ မရှိမဖြစ်လိုအပ်လာခဲ့သည်။

ယခုအခါ သစ်အချောထည်လုပ်ငန်းများကို ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ဝါးတရာ ကျေးရွာတွင် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းက ဝါးတရာသစ်အခြေခံစက်မှုနယ်မြေ ထူထောင်ပြီး တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် လက်တွဲဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အောက်တိုဘာလ ၂ ရက်နေ့က အဆိုပါ သစ်အခြေခံ စက်မှုလုပ်ငန်းများရှိရာ စက်မှုနယ်မြေသို့ သွားရောက်ပြီး တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးမှာကြားရာတွင်–

**"ပြည်ပသို့ သစ်တင်ပို့ရောင်းချရာ၌ သစ်အချောထည်ပစ္စည်းများအဖြစ် တန်ဖိုးမြှင့်တင်ထုတ်လုပ်ရောင်းချနိုင်မှသာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက်ရော ပုဂ္ဂလိက လုပ်ငန်းရှင်များအတွက်ပါ ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သဖြင့် ယခုကဲ့သို့ သစ်အခြေခံစက်မှုလုပ်ငန်းကြီးများကို နိုင်ငံတော်အစိုးရက ကူညီစောင့်ရှောက် အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း"**

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရသည် ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာမြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စေရန် မြို့တော်အဆင့်မြှင့်တင်ရေး အစီအမံများ ဆောင်ရွက်နေရာတွင် မြို့တွင်း၌တည်ရှိနေသည့် အစိုးရသစ်စက်များကို လုပ်ငန်းသဘာဝအရ ပိုမိုသင့်လျော်သည့်ဒေသသို့ ပြောင်းရွှေ့တည်ဆောက်ခဲ့ရာမှ ဝါးတရာ သစ်အခြေခံစက်မှုနယ်မြေကြီး ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။

သစ်အခြေခံစက်မှုနယ်မြေတွင် အစိုးရစက်ရုံများနှင့်အတူ ပုဂ္ဂလိက သစ်အခြေခံစက်မှုလုပ်ငန်းများ နေရာချထားပေးပြီး လိုအပ်ချက်များကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ဝါးတရာသစ်အခြေခံစက်မှုနယ်မြေကြီးတွင် လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေသည်ကို မြင်တွေ့နေရပြီဖြစ်သည်။

ဝါးတရာသစ်အခြေခံစက်မှုနယ်မြေတွင် တန်ဖိုးမြှင့်ခွဲသားများ၊ ဒုသစ်များ၊ တိုင်သစ်များ၊ သစ်အသေးစိတ် ခွဲသားများ၊ ကျွန်းကြမ်းခင်းတုံးအမျိုးမျိုး၊ လေးဖက်ချောလျှာထိုး၊ ရေချိုးခန်းသုံးကြမ်းခင်း၊ စက်မှုသုံးကြမ်းခင်းများ၊ ပုံဖော်သစ်များနှင့် အဆင့်မြင့်သစ်အချောထည် ပရိဘောဂပစ္စည်းမျိုးစုံ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာပြီး နိုင်ငံတော်၊ ပြည်သူနှင့်ပုဂ္ဂလိက လုပ်ငန်းရှင်များ ပိုမိုအကျိုးဖြစ်ထွန်းစေမည့် သစ်အခြေခံစက်မှုလုပ်ငန်းကြီးများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၅-၁၀-၂၀၀၄

(အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Mathematical Induction (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မဆုတ်မနစ်"**(အပိုင်း–၁၈) ဇာတ်သိမ်းပိုင်း
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်ဓား"** (အပိုင်း–၁၂)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဥပဒေအရာရှိများ လုပ်ငန်းဆိုင်ရာဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၄

**ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြသိမ်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ ဥပဒေအရာရှိများ လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉နာရီခွဲက ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။**





**တက်ရောက်**

အခမ်းအနားသို့ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးအောင်သန်းစိုး၊ ဒေါ်ကျင်စန်း၊ ရန်ကုန်တိုင်း ဥပဒေအရာရှိ ဦးကျော်မိုးနိုင်၊ ဒုတိယတိုင်း ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများတက်ရောက်ကြသည်။

**ဆွေးနွေးမှာကြား**

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးမြသိမ်းက အမှုလိုက်ဆိုင်ရာကိစ္စရပ်များ၊ အကြံပေးဆိုင်ရာကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် ကိစ္စများကို ဆွေးနွေးမှာကြားသည်။ **(ဓါပုံ)**

ထို့အပြင် သက်ဆိုင်ရာညွှန်ကြားရေးမှူးများနှင့်တိုင်းဥပဒေအရာရှိများက မိမိတို့ကဏ္ဍအလိုက်ဆွေးနွေးမှာကြားသည်။ **(က–ပ)**

## ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့ နှစ်(၄၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့၏ နှစ်(၄၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁နာရီက ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အစည်း အဝေးခန်းမ၌ ကျင်းပရာ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်၊ ဌာနခွဲမှူးများ၊ ယာဉ်ထိန်းဌာနခွဲနှင့် ကြိုးမဲ့ဌာနခွဲမှအရာရှိများ၊ တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများ၊ ဖိတ်ကြားထားသူများ၊ တပ်ဖွဲ့ကို အကူအညီပေးခဲ့ကြသည့် အလှူရှင်များ တက်ရောက်ကြသည်။

ဆက်လက်၍ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးအောင်နိုင်က မော်တော်ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား စိတ်စစ်ဆေးမှုများ ကူညီဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စိတ်စစ်ဆေးရေးဌာနမှူးနှင့် အရာရှိများအားလည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ကျောင်းသင်ခန်းစာ ပညာပေးစာအုပ်များ လှူဒါန်းသည့် အလှူရှင်များနှင့် ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ပိုင် မော်တော်ယာဉ်များ ပြုပြင်ရာတွင် ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအားလည်းကောင်း ဂုဏ်ပြုဆုများနှင့်ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၀၃–၂၀၀၄ ခုနှစ်အတွင်း လုပ်ငန်းတာဝန်များ ကျေပွန်စွာ ကြိုးစားထမ်းဆောင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များနှင့် ရဲကျင့်ဝတ် စာမေးပွဲများတွင် ထူးချွန်ဆုရရှိခဲ့ကြသူများအား ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများကလည်းကောင်း၊ ၂၀၀၃–၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များ၏ သားသမီးများ၊ နေအိမ်လိုင်းခန်း သန့်ရှင်းရေး ဆုရရှိသူများအား ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ မိသားစု စည်းရုံးရေးကော်မတီဥက္ကဋ္ဌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မာကြည်၊ ယာဉ်ထိန်းဌာနခွဲမှူး၊ ကြိုးမဲ့ဌာနခွဲမှူးများ၏ ဇနီးတို့ကလည်းကောင်း ဆုများအသီးသီးပေးအပ် ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကြည့်ရှုစစ်ဆေး

**ရန်ကုန်တိုင်း မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်၊ အင်းစိန် မီးသတ်ဇုန်နယ်မြေမှူး ဦးမြင့်ဇော်နှင့် အတူ စက်တင်ဘာ ၂၅ ရက်က အင်းစိန်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ် မီးသတ်စခန်းများသို့ သွားရောက်ပြီး မီးသတ်စက် ယာဉ်ပစ္စည်းကိရိယာများကောင်းမွန်မှု၊ လျှပ်စစ်မီးစနစ်တကျသုံးစွဲမှု တို့ကို ကြည့်ရှုစစ်ဆေးစဉ်။** (က–ပ)





အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်စား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အသည်းအစားထိုး အလှူရှင်မိသားစုအား ထောက်ပံ့ငွေပေးအပ်ရာ အသည်းအစားထိုးအလှူရှင် ဒေါ်အေးမွန်၏ခင်ပွန်း ဦးအောင်ကျော်ဦးနှင့် မိသားစုက လက်ခံရယူစဉ်။ (သတင်းစဉ်)

## အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် အသည်းအစားထိုးအလှူရှင်မိသားစုသို့ထောက်ပံ့ငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၄

**အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အသည်းအစားထိုး အလှူရှင်မိသားစုသို့ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ဒဂုံမြို့နယ်ပြည်ထောင်စုရိပ်သာလမ်း ကျန်းမာရေးဝန်ကြီးဌာနရှိ အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာနော်မန်လှခေါင်းဆောင်သော အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ အသည်းအစားထိုး အလှူရှင်ဒေါ်အေးမွန်၏ မိခင်နှင့်မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

**လက်ခံရယူ**

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုယ်စား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အသည်းအစားထိုး အလှူရှင်မိသားစုသို့ ထောက်ပံ့ငွေပေးအပ်ရာ အသည်းအစားထိုးအလှူရှင် ဒေါ်အေးမွန်၏ ခင်ပွန်း ဦးအောင်ကျော်ဦးနှင့် မိသားစုက လက်ခံယူသည်။

ယင်းနောက် အသည်းအစားထိုး အလှူရှင် မိသားစုကိုယ်စား ဆေးတက္ကသိုလ်(၁)ရန်ကုန် ဆေးပညာဌာန ပါမောက္ခဌာနမှူးဒေါက်တာစောနိုင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## အာဆီယံပြန်ကြားရေးဝန်ကြီးများညီလာခံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတက်ရောက်ရန်ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၄**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ အောက်တိုဘာ ၄ရက်မှ ၈ ရက်အထိ ကျင်းပမည့် အဋ္ဌမအကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ ညီလာခံအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး (ရုပ်မြင်/အင်္ဂလိပ်)ဦးဝင်းကြည်လည်းအဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည်။

**(သတင်းစဉ်)**

## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ် ၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

## ၂၀၀၄ ခုနှစ် အောက်တိုဘာ ၅ရက်တွင်ကျင်းပသော ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ပေးပို့သည့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့များ၏စုပေါင်းသဝဏ်လွှာ

ကမ္ဘာ့ဆရာများနေ့တွင်ဖြစ်စေ၊ ဆရာများဆိုင်ရာ အခြားနေ့ရက်များတွင်ဖြစ်စေ ဆရာတစ်ဦးအနေဖြင့် လက်ခံသိရှိရန် လိုအပ်သည့် အခြေခံသတင်းစကားမှာ သင်တို့အား **'လေးစားစွာဂုဏ်ပြုပါသည်'**ဟူသော ရိုးရှင်းသည့် စကားသာဖြစ်သည်။ ကျွန်ုပ်တို့ ကုလသမဂ္ဂမိသားစုဝင်များအနေဖြင့် လည်းကောင်း၊ သင်တို့နှင့်နေ့စဉ်ဆက်သွယ် ဆောင်ရွက်နေကြသူများအနေဖြင့် လည်းကောင်း၊ အဆိုပါသတင်းစကားကို မကြာခဏ အထပ်ထပ်အခါခါ ပြောဆိုနိုင်ခြင်း မရှိကြပါ။

လူ့အဖွဲ့အစည်းအတွက် အခြေခံအကျဆုံးသော ဆရာ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ရွေးချယ်လုပ်ကိုင်ကြပြီး စိန်ခေါ်မှုအခက်အခဲများကို မကြာခဏ ရင်ဆိုင်ကြုံတွေ့ရသော်လည်း စိတ်ပျက်အားလျော့ခြင်းမရှိဘဲ ဆက်လက်လုပ်ဆောင်နိုင်ကြသည့် သင်တို့ကို အလေးအနက် ဂုဏ်ပြုအပ်ပါသည်။ အသိပညာ တံခါးပွင့်လင်းလာစေရန် စွမ်းဆောင်ဖန်တီးပေးမှုများနှင့် ကျောင်းသားကျောင်းသူတစ်ဦးချင်းအပေါ် သည်းခံဖြည့်ဆည်းနိုင်စွမ်းရှိမှုများကို ကျွန်ုပ်တို့ တန်ဖိုးထားပါသည်။ ဆရာ့အသက်မွေးဝမ်းကျောင်း လုပ်ငန်းစဉ်များအရ သင်တို့၏ကြိုးပမ်းအားထုတ်မှုများ၊ ကြီးလေးသည့် တာဝန်ဝတ္တရားများနှင့် ကိုယ်ပိုင်အခွင့်အရေးများ စိုက်ထုတ်ဆောင်ရွက်နေကြကြောင်း ကျွန်ုပ်တို့ နားလည်သတိပြုမိပါသည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဆရာအတတ်ပညာသင်တန်းတက်ရောက်ရခြင်း၊ သင့်တင့်လျောက်ပတ်သော သင်ကြားမှုပတ်ဝန်းကျင်ကို ဖန်တီးယူရခြင်းစသည့် သင်ကြားမှုဆိုင်ရာ အခက်အခဲများကိုလည်း ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ အထူးစောင့်ရှောက်မှုပေးရန် လိုအပ်သော ကလေးများအတွက် မှန်ကန်သော အသိစိတ်ဓာတ်ဖြင့် ပြုစုစောင့်ရှောက်ပေးခြင်း၊ ကျောင်းသား တစ်ဦးချင်းအလိုက် လိုအပ်ချက်များကို သိရှိနားလည်ပြီး ဂရုပြုဆောင်ရွက်ပေးခြင်းများကိုလည်း လေးစားမိပါသည်။ ကျောင်းသားများ၏ ထုတ်ဖော်ပြောဆိုမှုများကို နားထောင်ပေးနိုင်စွမ်းရှိပြီး သင်ယူသည့် ကျောင်းသား ကျောင်းသူများထံသို့ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဆက်လက်လွှဲပြောင်းပေးနိုင်သည်အထိ သင်တန်းနှင့် သင်ကြားမှုအတွေ့အကြုံများမှ ဖွံ့ဖြိုးတိုးတက်လာသည့် သင်တို့၏စွမ်းဆောင်ရည်များကိုလည်း ကျွန်ုပ်တို့ တန်ဖိုးထားပါသည်။

အချုပ်အားဖြင့်ဆိုရသော် ကျွန်ုပ်တို့သည် ဆရာများအား လေးစားစွာ တန်ဖိုးထားဂုဏ်ပြုအပ်ပါကြောင်းနှင့် မိဘပြည်သူများ၊ ရပ်မိရပ်ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းရှင်များနှင့် အစိုးရဝန်ထမ်းများ၊ အထူးသဖြင့် ပညာရေးတာဝန်ခံများကိုလည်း ယနေ့ ကမ္ဘာ့ဆရာများနေ့တွင် မိမိတို့နားလည်ထားသည့် စကားလုံးများဖြင့် သင့်တော်မည့်လမ်းကြောင်းကို အသုံးပြု၍ အမှာစကားပြောကြားပေးကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

| | |
|---|---|
| **ကိုအိချိရိုမတ်ဆုရာ**<br>**ညွှန်ကြားရေးမှူးချုပ်**<br>**ယူနက်စကို** | **ဂျူအန်ဆိုမာဗီယာ**<br>**ညွှန်ကြားရေးမှူးချုပ်**<br>**အိုင်အယ်လ်အို** |
| **မတ်မာလော့ဘရောင်း**<br>**အုပ်ချုပ်ရေးညွှန်ကြားရေးမှူး**<br>**ယူအင်ဒီပီ** | **ကာရော(လ်)ဘယ်လမီ**<br>**အမှုဆောင်ညွှန်ကြားရေးမှူး**<br>**ယူနီဆက်** |



**ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင်ကျင်းပမည့် အဋ္ဌမအကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများညီလာခံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတက်ရောက်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးခေါင်းဆောင်သောအဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

## မှတ်သားဖွယ်ရာမိုးရေချိန်

၃-၁၀-၂၀၀၄

| | |
|---|---|
| ပျဉ်းမနားမြို့ | ၂ ဒသမ ၀၅ လက်မ |
| ကော့သောင်းမြို့ | ၁ ဒသမ ၅၀ လက်မ |
| ရမည်းသင်းမြို့ | ၁ ဒသမ ၂၆ လက်မ |

## ဆာမာရာ၌တိုက်ပွဲဖြစ်ပွား ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး လေးဦးဒဏ်ရာရ

**ဘဂ္ဂဒက် အောက်တိုဘာ ၃**

အီရတ်နိုင်ငံ ဆာမာရာမြို့တွင် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များသည် အီရတ်ခုခံ တိုက်ခိုက်ရေးပြောက်ကျားများနှင့်သောကြာနေ့ အစောပိုင်း၌တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်ဟုအမေရိကန် စစ်ဘက်က ပြောကြားသည်။

တိုက်ပွဲတွင် အီရတ်ခုခံ တိုက်ခိုက်ရေး ပြောက်ကျားများသည် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များအား စိန်ပြောင်းများ၊ ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။

အမေရိကန် တပ်ဖွဲ့ဝင်များနှင့် အီရတ်အစောင့်တပ်ဖွဲ့ဝင်များ ဆာမာရာမြို့အတွင်း ဝင်ရောက်လာရာမှ တိုက်ပွဲစတင် ဖြစ်ပွားခဲ့ရာ တိုက်ပွဲတွင် အီရတ် ၈၀ ထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**



ဖော်လူဂျာမြို့ကို အမေရိကန် စစ်လေယာဉ်တစ်စင်းက ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြိုကျပျက်စီးနေသော နေအိမ်အပျက်များကို အောက်တိုဘာ ၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အီရတ်ဆောက်လုပ်ရေး ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦးအား ပြောက်ကျားအုပ်စုတစ်စုက ပြန်ပေးဆွဲသတ်ပစ်လိုက်ပြန်

ဘဂ္ဂဒက် အောက်တိုဘာ ၃

**အမေရိကန် စစ်အခြေစိုက်စခန်းတစ်ခုတွင် လုပ်ကိုင်နေသော အီရတ်ဆောက်လုပ်ရေး ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦးအား ပြန်ပေးဆွဲ သတ်ပစ်လိုက်ကြောင်း အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားအုပ်စုတစ်စုက စနေနေ့၌ အင်တာနက်မှတစ်ဆင့် ပြောကြားလိုက်သည်။**

ဘဂ္ဂဒက်မြို့ မြောက်ဘက်ရှိ အယ်လ်တာဂျီအခြေစိုက်စခန်းတွင် ရေ၊ မိလ္လာနှင့် လေအေးစက်စီမံကိန်းလုပ်ငန်းများကို လုပ်ကိုင်သော ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဘာရီနာဖီဒါဝုဒ်အီဘရာဟင်အား သတ်ပစ်လိုက်ကြောင်း ယင်းကြေညာချက်၌ ဖော်ပြထားသည်။

**ဝန်ခံပြောဆို**

ထိုအုပ်စုကပင် နီပေါအလုပ်သမား ၁၂ဦးကို ၎င်းတို့ ပစ်သတ်ခဲ့ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။ စနေနေ့က ထုတ်ပြန်ခဲ့သည့် ကြေညာချက်၌ အီဘရာဟင်အား စစ်မေးခဲ့ရာတွင် အယ်လ်တာဂျီ၌ လုပ်ငန်းများနှင့် စီမံကိန်းများအားလုံးကို၎င်းလုပ်ကိုင်ခဲ့ကြောင်း ဝန်ခံပြောဆိုသည်ဟု ဖော်ပြထားသည်။

ဧပြီလမှစ၍ အီရတ်နိုင်ငံတွင် နိုင်ငံခြားသား၁၄၀ကျော် ပြန်ပေးဆွဲခံခဲ့ရပြီး ၂၆ဦးထက်မနည်း အသတ်ခံခဲ့ကြရသည်။ **(အင်တာနက်)**

## အီရတ်နိုင်ငံဆိုင်ရာ နိုင်ငံတကာညီလာခံ ကုလသမဂ္ဂ၏ မူဘောင်အတွင်းမှ ဖြစ်ရမည်

**မက်ဒရစ် အောက်တိုဘာ ၃**

အီရတ်နှင့်ပတ်သက်သည့် မည်သည့်နိုင်ငံတကာညီလာခံမဆို ကုလသမဂ္ဂ၏အခြေခံမူဘောင်အတွင်းမှဖြစ်ရမည်ဟု စပိန်ဝန်ကြီးချုပ်ဂျို့စ်လူဝစ်ရိဒရီဇ်ဇာပါတီရိုက ကြာသပတေးနေ့က ပြောကြားလိုက်သည်။ အီရတ်၏အိမ်နီးချင်းနိုင်ငံများနှင့် စက်မှုရှစ်နိုင်ငံအုပ်စု(ဂျီ-၈)တို့သည် အီရတ်နိုင်ငံတွင် တည်ငြိမ်မှု အခြေအနေတိုးတက်စေရန် နိုဝင်ဘာလထဲ၌ ညီလာခံတစ်ရပ် ကျင်းပကြမည်ဖြစ်ကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီးက အင်္ဂါနေ့၌ ပြောကြားခဲ့သည်။

**ထောက်ခံ**

အီရတ်စစ်ပွဲကို ဆန့်ကျင်ခဲ့သည့် ပြင်သစ်နိုင်ငံက ယင်းအစီအစဉ်ကို ထောက်ခံထားပြီး အီရတ်ဆိုင်ရာ နိုင်ငံတကာညီလာခံကျင်းပမည့် အစီအစဉ်ကောင်းမွန်ကြောင်း၊ သို့ရာတွင် ညီလာခံကို တိုးတက်မှုဖြစ်စေနိုင်သော ကုလသမဂ္ဂ၏အစီအစဉ်ဖြစ်ရမည်ဖြစ်ကြောင်း ဇာပါတီရိုက သတင်းစာရှင်းပွဲ၌ ပြောကြားသည်။

**ကျင်းပမည်**

နိုင်ငံခြားရေးဝန်ကြီးအဆင့် တက်ရောက်မည့် အဆိုပါညီလာခံကို အီဂျစ်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ ယင်းညီလာခံသို့ ကုလသမဂ္ဂမှ သံတမန်များ တက်ရောက်ကြဖွယ်ရှိပြီး ကုလသမဂ္ဂနှင့်အီရတ်ကြားဖြတ် အစိုးရတို့ ပူးတွဲကျင်းပသည့် အစီအစဉ်ဖြစ်ကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီးဟိုရှီယာဇီဘာရီက အင်္ဂါနေ့၌ ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း

**နိုင်ငံတကာ သတင်းများ**

ဖော်လူဂျာမြို့ကို အမေရိကန် စစ်လေယာဉ်များ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြိုကျသွားသော နေအိမ် အပျက်အစီးများကြားမှ ကယ်ဆယ်ခဲ့ရသည့် ကလေးငယ်အား ဖခင်ဖြစ်သူက ပွေ့ချီထားသည်ကို အောက်တိုဘာ ၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



## အီရတ်ကိုအမေရိကန်တို့ ဆက်လက်ချုပ်ကိုင်ထား အလာဝီသည် အမေရိကန်ကိုမှီခိုနေသူသာဖြစ်

ဘဂ္ဂဒက် အောက်တိုဘာ ၃

**အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာကို လွန်ခဲ့သောသုံးလခန့်က အီရတ်ကြားဖြတ်အစိုးရက လွှဲယူရရှိပြီးဖြစ်သော်လည်း အမေရိကန်တို့က လုံခြုံရေးနှင့် ပတ်သက်ပြီး ဆက်လက်ချုပ်ကိုင်ထားဆဲဖြစ်ကြောင်း ဝေဖန်လျက်ရှိသည်။**

အီရတ် ဝန်ကြီးချုပ်အလာဝီသည် အမေရိကန်တို့၏ စစ်အင်အားကို အသုံးပြုကာ နာဂျက်ဖ်မြို့ရှိ အီရတ် ခေါင်းဆောင် ဆာဒါနှင့် နောက်လိုက်များကို လွန်ခဲ့သည့်လက နှိမ်နင်းရန် ကြိုးစားခဲ့သည်။

ထို့အပြင် လက်နက်ကိုင်ခုခံသူများ နှင့်ဖော်လူဂျာမြို့ရှိ အကြမ်းဖက်အုပ်စု များကို နှိမ်နင်းရန် အမေရိကန်တို့ ကြိုးစားလျက်ရှိသည်။ ထို့ကြောင့် ဝေဖန်သူများက အလာဝီသည် အီရတ်နိုင်ငံ၏အကြီးအကဲ အမှန်တကယ် မဟုတ်ဘဲအမေရိကန်တို့၏ လက်နက် အင်အားကိုသာ မှီခိုနေသူဖြစ်ကြောင်း ဝေဖန် ပြောကြားလျက်ရှိသည်။

အီရတ်ကြားဖြတ်အစိုးရသည်ပင် အမေရိကန်တို့၏ လက်နက်အင်အား ကြောင့် ရပ်တည်နေရခြင်းဖြစ်ကြောင်း၊ အမေရိကန်တို့က အီရတ်တို့ကို အာဏာလွှဲပြောင်းပေးသော်လည်း အမေရိကန်တို့၏ အကျိုးစီးပွားနှင့် စပ်ဆိုင် သည့် ကိစ္စရပ်များတွင် မူဝါဒ ချမှတ်မှုသည် အမေရိကန်တို့ကချုပ်ကိုင်ထားဆဲဖြစ်သည်ဟု ဝေဖန်လျက်ရှိသည်။ အီရတ်ကြားဖြတ် အစိုးရကလည်း ယခင်ကပင် ဆောင်ရွက်သင့်သော အလုပ်ကို ယခုမှ အမေရိကန်တို့က လုပ်ဆောင်သည့်အတွက် နောက်ကျနေကြောင်း ပြောကြားကြသည်။ **(စီအင်န်အင်န်)**

## ကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ နေ့စဉ်နှင့်အမျှကားဗုံးခွဲ တိုက်ခိုက်ခံနေကြရ

**ဘဂ္ဂဒက် အောက်တိုဘာ ၃**

အီရတ်နိုင်ငံတစ်ဝန်းတွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် နေ့စဉ်ကားဗုံးပေါက်ခွဲ တိုက်ခိုက်ခြင်း၊ မကြာခဏလုပ်ကြံသတ်ဖြတ်ခြင်းနှင့် ပြန်ပေးဆွဲခံရခြင်းများဖြင့် ကြုံတွေ့နေရပြီး အသက်ဘေးအန္တရာယ်အတွက် များစွာစိုးရိမ်နေကြရသည်။ ထို့ကြောင့် အဓိကမြို့ကြီးများတွင် အမေရိကန်နှင့် အီရတ်ပူးပေါင်း တပ်ဖွဲ့ဝင်များက စစ်ရေးအရ ပိုမိုဖိအားပေးလျက်ရှိရာ ယခုအခါ အီရတ်ခုခံတိုက်ခိုက်ရေးသမားများ ထိန်းချုပ်ထားသော ဆာမာရာမြို့ကို ပြန်လည်ရရှိရန် ရည်ရွယ်ချက်ဖြင့် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက အီရတ်တပ်ဖွဲ့များနှင့်အတူ ပြင်းထန်သည့် စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲတိုက်ခိုက်လျက်ရှိသည်။

ဆာမာရာမြို့တွင်း၌ နေရာယူပြီး အီရတ်ခုခံ တိုက်ခိုက်ရေးသမားများနှင့်အတူ ပြည်ပတိုက်ခိုက်ရေးသမား ၆၅ဦးတို့ကလည်း အီရတ်တပ်ဖွဲ့ဝင်များနှင့် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်လျက် ရှိသည်။ **(စီအင်န်အင်န်)**

## ပြန်ပေးဆွဲခံရသူများတွင် အင်ဒိုနီးရှား အမျိုးသမီးနှစ်ဦးပါဝင်ကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာနအတည်ပြု

**ဂျကာတာ အောက်တိုဘာ ၃**

အီရတ်ပြန်ပေးသမားတို့ ဖမ်းဆီးခဲ့သော လူ၁၀ဦးတွင် ဗြိတိသျှကုမ္ပဏီ တစ်ခု၌အလုပ်လုပ်သော အင်ဒိုနီးရှားအမျိုးသမီးနှစ်ဦးပါဝင်ကြောင်း သောကြာနေ့၌ ဂျကာတာမြို့တွင် တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

ပြန်ပေးသမားတို့ရိုက်ကူးပြီး အာရေဗျရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သော အမျိုးသမီးများမှာ ဂျကာတာမှဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိများက ပြောကြားသည်။

ထိုအမျိုးသမီးများသည် ရိုစီဒါနှင့် ရာဖီကန်တို့ဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိ ဖာရီအဒမ်ဟာက ဆိုသည်။

အင်ဒိုနီးရှားအမျိုးသမီးများသည် လျှပ်စစ်ပစ္စည်းကုမ္ပဏီတစ်ခု၌ အလုပ်လုပ်သော အီရတ်ခြောက်ဦး၊ လက်ဘနွန်နှစ်ဦးတို့နှင့်အတူ အဖမ်းခံခဲ့ကြရခြင်းဖြစ်သည်။

ဩဂုတ်လအတွင်း ဖာမီအာမက်ဆိုသူ အသက် ၂၇ နှစ်အရွယ် အင်ဒိုနီးရှားလူမျိုးအသတ်ခံခဲ့ရရာ လွန်ခဲ့သည့်နှစ်၌ အီရတ်ကို အမေရိကန်နှင့် အပေါင်းပါများ ကျူးကျော်ခဲ့ချိန်မှစပြီး ပထမဆုံးအသတ်ခံရသော အင်ဒိုနီးရှားလူမျိုးဖြစ်သည်။ **(အင်တာနက်)**

# ဒေသဝမ်းစာဖူလုံရေး အထွက်တိုးစပါးမျိုးတိုးချဲ့စိုက်ပျိုး ရှမ်းပြည်နယ်(တောင်ပိုင်း)မိုးစပါးကောခြောက်သိန်းပြည့်မီရေးရည်မှန်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၄

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ၁ရက် နံနက်ပိုင်းတွင် ဟိုပုံးမြို့နယ်မြေခံတပ်ရင်းလင်းဆောင်သို့ရောက်ရှိရာ ဟိုပုံးတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအေးခိုင်က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဟိုပုံးတပ်နယ်အတွင်း အစေ့ထုတ်ပြောင်း၊ ပဲစင်းငုံနှင့်နှစ်ရှည်သီးနှံ ထောပတ်၊ တည်း၊ စိန်တလုံးသရက်များ စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ရာသီသီးနှံများတိုးချဲ့စိုက်ပျိုးရေး၊ အထူးသဖြင့် အစေ့ထုတ်ပြောင်းဧက ၅၀၀၀အထိ ရရှိအောင် တိုးချဲ့စိုက်ပျိုးရေး ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

## စနစ်တကျဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် အစေ့ထုတ်ပြောင်းနှင့် ပဲစင်းငုံ သီးညှပ်စိုက်ခင်း၊ နှမ်းစိုက်ခင်း၊ သစ်ဆိမ့်၊သရက်၊ တောင်ယာစပါး၊ မြေပဲ၊ နေကြာပင်များ စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ သီးနှံအထွက်နှုန်းကောင်းမွန်ရေးအတွက် စနစ်တကျဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟိုပုံးမြို့နယ် ရန်ကင်းရပ်ကွက်ရှိ ရွှေရင်အေးစပါး စံပြစိုက်ကွင်းသို့ သွားရောက်၍ ရွှေရင်အေးစပါး အောင်မြင်စွာစိုက်ပျိုးထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြရာ ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်း လက်ထောက်မန်နေဂျာ ဒေါ်သူဇာမြင့်နှင့်တာဝန်ရှိသူများ၊ဒေသခံတောင်သူများက စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် တောင်သူဦးဖြူးဖားခင်က ၎င်း၏လယ်မြေအတွင်း ရွှေရင်အေးနှင့် ဆင်းရွှေဝါစပါးစိုက်ပျိုးထားရှိမှု၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာထည့်သွင်းပေးမှု၊ ကောက်ပင်ကောက်ကွက် ပြည့်မီအောင် စိုက်ပျိုးခဲ့သည့်အတွက် စပါးတစ်ဧကတင်း ၁၉၇ဒသမ၇၀ ထွက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ပြည်နယ်အတွင်း ရွှေရင်အေးစပါး စိုက်ပျိုးနိုင်မှု၊ အဓိကသီးနှံ ၁၀မျိုး၊ ပြည်နယ်အတွင်းဖြစ်ထွန်းသီးနှံ ၃၀နှင့်ဟိုပုံးမြို့နယ်အတွင်း စိုက်ပျိုးနိုင်မှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ပြည်နယ်အတွင်း ဒေသဝမ်းစာ ဖူလုံရေးအတွက် အထွက်တိုးစပါးမျိုးများ အသုံးပြုစိုက်ပျိုးရေးနှင့် စိုက်ဧက တိုးချဲ့စိုက်ပျိုးရေး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အနေဖြင့် မိုးစပါးဧက ခြောက်သိန်း ပြည့်မီရေး ရည်မှန်းချက်ထား ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ ထုံးဖိုရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သုတေသနခြံသို့ ရောက်ရှိရာ ခြံတာဝန်ခံ ဒေါ်ဖြူဖြူက ခြံဧက ၆၀ အတွင်း အာလူး၊ ဝိုင်စပျစ်၊ ဟင်းသီး ဟင်းရွက်များ သုတေသနပြုဆောင်ရွက်နေမှု အခြေအနေ၊ အာလူးတစ်ရှူးမျိုးပွားမှု အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသော အာလူးတစ်ရှူးမွေးမြူပုံအဆင့်ဆင့်နှင့် သုတေသနပြုဆောင်ရွက်ထားသော သီးနှံများကို လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**



# ဝန်ကြီးချုပ်ရုံးဝန်ကြီးဦးတင်ဝင်း ကုလအထွေထွေအတွင်းရေးမှူးချုပ်နှင့်ညီလာခံဥက္ကဋ္ဌတို့အားတွေ့ဆုံ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့်အမျိုးသားညီလာခံအောင်မြင်မှုများရှင်းလင်းဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၄

**(၅၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ အဖွဲ့ခေါင်းဆောင်အဖြစ် တက်ရောက်လျက်ရှိသော ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးတင်ဝင်းသည် စက်တင်ဘာ ၂၃ရက် နံနက် ၁၁နာရီတွင် ဝန်ကြီးတည်းခိုနေသော ဟိုတယ်ဧည့်ခန်း၌ ကုလသမဂ္ဂလူမှုအဖွဲ့အစည်းများ၏ ခရစ်ယာန်သာသနာပြုဥက္ကဋ္ဌ ဒေါက်တာဂယ်ရီအယ်လန်အား လက်ခံတွေ့ဆုံခဲ့ကာ မြန်မာနိုင်ငံ၏ ဘာသာရေးလွတ်လပ်ခွင့်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဝန်ကြီးနှင့်အတူ သံအမတ်ကြီး ဦးကျော်တင့်ဆွေနှင့် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့လည်း တက်ရောက်ခဲ့သည်။**

စက်တင်ဘာ ၂၄ရက် နံနက် ၁၁နာရီတွင် ဝန်ကြီး ဦးတင်ဝင်းသည် (၅၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌ မစ္စတာယန်ပင်းအား သွားရောက်တွေ့ဆုံဂါရဝပြုခဲ့ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို အကျဉ်းချုပ်ရှင်းလင်းပြောကြားခဲ့သည်။

ဝန်ကြီး ဦးတင်ဝင်းသည် စက်တင်ဘာ၂၅ရက် နံနက် ၈နာရီတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိစ်ယိုရီကိုကာဝါဂူချီက အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား ဧည့်ခံသည့် နံနက်စာစားပွဲသို့တက်ရောက်ခဲ့ပြီး ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်သော မြန်မာနိုင်ငံ၏သဘောထားများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဝန်ကြီးသည် စက်တင်ဘာ ၂၇ရက် နံနက် ၈နာရီတွင် အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(Asia Cooperation Dialogue - ACD) နိုင်ငံခြားရေးဝန်ကြီးများ၏ နံနက်စာစားဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအနေနှင့် စိုက်ပျိုးရေးနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများတွင် ပါဝင်နိုင်မည့် အနေအထားများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၂၈ရက် နံနက် ၉နာရီတွင် ဝန်ကြီးဦးတင်ဝင်းသည် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာအာနန်ပန်ယာရာချွန် ခေါင်းဆောင်သည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က တာဝန်ပေးသည့် အဆင့်မြင့် ထင်ပေါ်ကျော်ကြားသူများနှင့် ဖွဲ့စည်းထားသည့်အဖွဲ့ ဆောင်ရွက်ချက်များ ရှင်းလင်းပွဲကို အခြားအာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။ ထို့နောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောဆွေးနွေးပွဲ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။ ထို့နောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် (၅၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံဥက္ကဋ္ဌတို့အား ဂုဏ်ပြုတည်ခင်းသော နေ့လယ်စာစားပွဲသို့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

## တိုးတက်မှုရှင်းလင်း

ယင်းနေ့ညနေ၅နာရီခွဲတွင် ဝန်ကြီး ဦးတင်ဝင်းသည် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာမွတ်အမ်ကာဆူရီအားတွေ့ဆုံပြီး မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု နောက်ဆုံးအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ စက်တင်ဘာ၂၉ရက် နံနက်၁၀နာရီတွင် ဝန်ကြီးဦးတင်ဝင်းသည် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ ဘက်မလိုက်လှုပ်ရှားမှု နိုင်ငံများအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ အလှည့်ကျဥက္ကဋ္ဌ မလေးရှားဝန်ကြီးချုပ် မစ္စတာ ဘာဒါဝီ၏ အဖွင့်မိန့်ခွန်းကို တက်ရောက်အားပေးခဲ့သည်။ ယင်းနောက် နံနက် ၁၁နာရီတွင် ဝန်ကြီးဦးတင်ဝင်းက မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုအခြေအနေ(နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေး)တို့နှင့်ပတ်သက်သော မူဝါဒမိန့်ခွန်းကို အထွေထွေညီလာခံတွင်ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ယင်းနေ့ညနေ၅နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာလီဇောင်ရှင်းအား သွားရောက် တွေ့ဆုံနှုတ်ဆက်ပြီး နှစ်နိုင်ငံချစ်ကြည်ရေး ခိုင်မြဲတိုးတက်ရေးကိစ္စနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို ချစ်ခင်ရင်းနှီးစွာ ဆွေးနွေးပြောကြားခဲ့သည်။

## တွေ့ဆုံဆွေးနွေး

စက်တင်ဘာ၃၀ရက်တွင် ဝန်ကြီးဦးတင်ဝင်းသည် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ဂျီ(၇၇)နိုင်ငံများ အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး ညနေဘက်တွင် ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာရီဇာအစ်ဘောအား ၎င်း၏ရုံးခန်းတွင် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

အောက်တိုဘာ၁ရက် ညနေ၅နာရီတွင် ဝန်ကြီးဦးတင်ဝင်းသည် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း၊ သံအမတ်ကြီး ဦးမြသန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ၊ ညွှန်ကြားရေးမှူး ဦးအင်ဇယ်အေဘယ်တို့နှင့်အတူ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်အား သွားရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနှင့်အမျိုးသားညီလာခံ စတင်ကျင်းပမှုနှင့် အောင်မြင်မှုများ ရရှိခဲ့ပုံတို့ကိုရှင်းလင်းဆွေးနွေးပြောပြခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**



# ဝန်ကြီးဦးတင်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ (၅၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့တက်ရောက်ခဲ့

ရန်ကုန် အောက်တိုဘာ ၄

**အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပလျက်ရှိသည့် (၅၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီးနောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးတင်ဝင်းသည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိသည်။**

ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးတင်ဝင်းအား ဝန်ကြီးချုပ်ရုံးဝန်ကြီးများဖြစ်ကြသည့် ဦးသန်းရွှေနှင့်ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဝင်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ခုနှစ် တော်သလင်းလပြည့်ကျော်၇ရက် (အဖိတ်နေ့)**
**၅–၁၀–၂၀၀၄ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓမ္မမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အရေးပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ သုံးဆယ်ရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar made Easy
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ ရန်ကုန်တိုင်းအမှတ်(၃)အခြေခံပညာဦးစီးဌာန ပဉ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ(ပထမဆု) (အထက–၂၊ ဒဂုံ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၅ ၆။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
- ၁၇:၂၀ ၇။ **“ဖွားချို”** စံရှားတင်၊ ဝါးခယ်မရဲမောင် [ဒါရိုက်တာခင်ဇော်(ကေသီပန်)]
- ၁၇:၃၅ ၈။ ဆိုကြမယ်ပျော်ကြမယ်
- ၁၈:၁၅ ၉။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“မျောက်မင်းဂူခုနှ်း”**(အပိုင်း–၃၀)
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၂။ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဆွေးနွေးခန်း(အဆိုပြိုင်ပွဲ)
- ၁၉:၂၀ ၁၃။ အင်းလယ်စံနေမြတ်ဗုဒ္ဓ (ရွှေမဥ္ဇူစေတီတော်)
- ၁၉:၃၅ ၁၄။ တိုးတက်တီထွင် ရေနံချောင်းစက်မှုဇုန်တစ်ခွင် (Star မော်တော်ဆိုင်ကယ်ထုတ်လုပ်မှု)(အပိုင်း–၁)
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **“သံစဉ်မဲ့ချစ်သူ”** (အပိုင်း–၁)
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

## အဖိတ်နေ့ နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

## ကိုးပါးသီလဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၄

၁၃၆၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၈ရက် (အောက်တိုဘာ ၆ရက်) ဗုဒ္ဓဟူးနေ့တွင် စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဉာဏိဿရက နဝင်္ဂဥပေါသထ ကိုးပါးသီလတရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်း အစီအစဉ်များအပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ စစ်မှုထမ်းဟောင်းအဆင့်မြင့် စည်းရုံးရေး သင်တန်းအမှတ်စဉ် (၄/၂၀၀၄) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

**(သတင်းစဉ်)**

✡ ကျောဖုံးမှ

### ဝိုင်းဝန်းကြိုးပမ်း

အခမ်းအနားတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဖွဲ့စည်းထားရှိမှုရည်ရွယ်ချက်၊ လုပ်ငန်းစဉ် (၅)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ်နှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ဖွဲ့စည်းရေး၊ လေ့ကျင့်ပညာပေးရေး၊ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ စက်မှုလက်မှု လုပ်ငန်းများ၊ လူမှုရေးနှင့်သက်သာ ချောင်ချိရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်းရပ်များအားလုံး အောင်မြင်ရေးအတွက် ကျရာကဏ္ဍက ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်တို့နှင့်စပ်လျဉ်း၍ လည်းကောင်း အကျယ်တဝင့်ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အလားတူ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်း အဆင့်မြင့် စည်းရုံးရေးသင်တန်းအမှတ်စဉ်(၄/၂၀၀၄)သင်တန်းဖွင့်ပွဲများကို မန္တလေးမြို့ ရေတံခွန်တောင်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ လေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)နှင့် မကွေးမြို့မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ လေ့ကျင့်ရေးသင်တန်းကျောင်း (မကွေး)တို့၌လည်း သင်တန်းသား ၅၀ဖြင့် တစ်ချိန်တည်း ဖွင့်လှစ်ကြကြောင်းသိရသည်။

**(သတင်းစဉ်)**

## ပြည်ပပို့ကုန် ကြက်သွန်နှင့်နှမ်းများ စိုက်ပျိုးရန် မြေယာ၇၉၂၂ဧကပြုပြင်မှုလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ကြည့်ရှုစစ်ဆေးပြီးတိုးချဲ့စိုက်ပျိုးရန်မှာကြား

ရန်ကုန် အောက်တိုဘာ ၄

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂ရက် နံနက်ပိုင်းတွင် မကွေးတိုင်း မြို့သစ်မြို့နယ် တပ်ကုန်းကျေးရွာအနီးတွင် တိုးတက်လင်းနှင့် နယူးဂိုလ်ဒင်းဂိတ်ကုမ္ပဏီတို့မှ မြေယာသစ် ၁၂၁၅ဧက ဖော်ထုတ်၍ ပြည်ပပို့ကုန်ကြက်သွန်နှင့် နှမ်းစိုက်ပျိုးရန် မြေပြုပြင်မှုများကိုလည်းကောင်း၊ နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာအနီးတွင် ပဲလ်ဒီးဝေါလ်ကုမ္ပဏီ၊ ပဲလ်ဒီးကွန်ဟိန်း နန်းထရိတ်ဒင်းကုမ္ပဏီ၊ ရှိုင်ရယ်လ်ဂျက်စမင်း ဂျင်နရယ်ထရိတ်ဒင်းကုမ္ပဏီတို့မှ မြေယာသစ် ၇၉၂၂ဧက ဖော်ထုတ်၍ ပြည်ပပို့ကုန် ကြက်သွန်နှင့် နှမ်း စိုက်ပျိုးရန် မြေယာပြုပြင်မှုလုပ်ငန်းများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးအားပေးပြီး ဆောင်းကြက်သွန်နှင့် ဆောင်းနှမ်းတိုးချဲ့စိုက်ပျိုးသွားရေးနှင့် စတင်စိုက်ပျိုးသည်မှ ပြည်ပတင်ပို့သည်အထိ အကူအညီပေးသွားမည့် အခြေအနေတို့ကို ဆွေးနွေးမှာကြားသည်။**

ဝန်ကြီးသည် အောက်တိုဘာ ၃ရက် နံနက်ပိုင်းတွင် မကွေးမြို့ရှိ မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး သိုလှောင်ရုံများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် အောင်လံမြို့သို့ ရောက်ရှိပြီး သရက်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စန်းနှင့်အတူ အောင်လံမြို့ရှိ ကုန်သည်ကြီးများ၊ ပွဲရုံလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသအတွင်း မြေလွတ် မြေရိုင်းများ ဖော်ထုတ်ပြီး ပြည်ပပို့ကုန်အဖြစ် ကြက်သွန်နှင့် နှမ်း၊ ပဲမျိုးစုံတိုးချဲ့စိုက်ပျိုးသွားရေးနှင့် ဌာနဆိုင်ရာများမှ ပံ့ပိုးကူညီသွားမည့်အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ပြည်မြို့ရှိ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးအမှတ် (၄၅၄) ၇၅ တန်ကျ ဆန်စက်ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ပေါင်းတည်မြို့ အမှတ်(၀၄) ဖွဲ့နှဆီစက်နှင့် အမှတ်(၃၆၉) ၇၅ တန်ကျ ဆန်စက်တို့သို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် လက်ပံတန်း အမှတ်(၆၃၉) တန်၂၅၀ ကျ ဆန်စက်တို့သို့လည်းကောင်း ရောက်ရှိပြီး ဆန်ကြိတ်ခွဲထုတ်လုပ်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနအတွင်းဝန်အား ညစာတည်ခင်း

**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် မစ္စတာရှိုင်ယန်ဆာရမ် ဦးဆောင်သည့် အိန္ဒိယသမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ယနေ့ညပိုင်းတွင် အင်းလျားလိပ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲမသုံးဆောင်မီ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် မစ္စတာ ရှိုင်ယန်ဆာရမ်တို့သည် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး/အတွင်းဝန်အဆင့်ဆွေးနွေးပွဲ (Foreign Office Consultations) သဘောတူမှတ်တမ်းကို လက်မှတ်ရေးထိုးကြသည်။

**(ယာပုံ) (သတင်းစဉ်)**





## မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး /အတွင်းဝန်အဆင့်ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး/ အတွင်းဝန်အဆင့် ဆွေးနွေးပွဲ (Foreign Office Consultations) တက်ရောက်ရန် မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် မစ္စတာရှိုင်ယန်ဆာရမ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာရာဂျစ်ကူးမား ဘာတီးယားလိုက်ပါလျက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ အား ယနေ့နံနက် ၉နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

### ဆက်လက်ကျင်းပ

ထိုသို့ တွေ့ဆုံပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန်မစ္စတာ ရှိုင်ယန်ဆာရမ် ခေါင်းဆောင်သော အိန္ဒိယကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး/ အတွင်းဝန်အဆင့် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပကြသည်။ **(ဝဲပုံ)**

အဆိုပါ ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

# အသင်းဝင်တိုင်း ပြည်သူနှင့်လက်တွဲပြီး ကျရာကဏ္ဍက ပူးပေါင်းဆောင်ရွက်ကြ
# မြောက်ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းများသင်းလုံးကျွတ်စည်းဝေး

ရန်ကုန် အောက်တိုဘာ ၄

**ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ယမန်နေ့ နံနက် ၈နာရီခွဲတွင် အင်းစိန်မြို့နယ် အောင်ဆန်းရပ် ဆေးဘက်ပညာသည်တက္ကသိုလ် အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်ပြီး ဂုဏ်ပြုထူးချွန်ဆုများ ချီးမြှင့်သည်။**

### တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဦးလှစိုး၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကြီးမောင်နှင့် ခရိုင်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များက ရာသက်ပန် ပြည်ထောင်စုသီချင်းနှင့် ဓာတ်မာန်သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ) ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

### အမှာစကားပြောကြား

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ) ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အမှာစကား ပြောကြားသည်။

### ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းကြပြီး ပညာရည်ချွန်ဆုများနှင့် (၁၀)ကြိမ်နှင့်အထက် သွေးလှူရှင် ၄၇ ဦးတို့အား ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှစိုး၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကြီးမောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး အစီအစဉ်များကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် တိုင်းအလုပ်အမှုဆောင် ဦးတင်မောင်ဝင်းက ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့ရေးရာအလိုက် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အစီရင်ခံစာအပေါ် ကဏ္ဍအလိုက် အစုအဖွဲ့ငါးဖွဲ့က အကြံပြုတင်ပြခြင်း၊ အသင်းကြီး၏ ဦးတည်ချက်ခုနစ်ရပ်နှင့် ရှေ့လုပ်ငန်းစဉ်ကိုးရပ်ကို ဆွေးနွေးထောက်ခံခြင်းများ ဆောင်ရွက်ကြပြီး မှတ်တမ်းတင်ခြင်း သုံးရပ်၊ အတည်ပြုခြင်း တစ်ရပ်၊ ဆုံးဖြတ်ချက်နှစ်ရပ် ချမှတ်အတည်ပြုကြသည်။ ထို့နောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### ဂုဏ်ပြုဆုချီးမြှင့်

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် မြန်မာ့ဖွံ့ဖြိုးရေး လေ့လာမှုသင်တန်းအမှတ်စဉ်(၃)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြည်လာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ) ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်၍ အမှာစကား ပြောကြားပြီး ပညာရည်ထူးချွန်သော အသင်းဝင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမောင်မြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်တိုင်းသည် ပြည်သူများနှင့် လက်တွဲ၍ ကျရာကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင် ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄) အခမ်းအနားတွင် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)**

### ပေးအပ်လှူဒါန်း

ယင်းနောက် အလှူငွေပေးအပ်ခြင်းအစီအစဉ်ကို ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ်က ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ငွေကျပ်နှစ်သိန်း၊ ဦးအေးမြင့်(သင်းပုံနှိပ်တိုက်)က ငွေကျပ် ၂၄၀၀၀၀၊ ဦးမောင်ထွန်း (ထွန်းအီလက်ထရွန်နစ်)က ငွေကျပ် ၁၈၀၀၀၀၊ ဦးဝင်းရွှေ(ရွှေပြည်တော် သယ်ယူပို့ဆောင်ရေးသမဝါယမ)နှင့် ရွှေနန်းတော်ရွှေဆိုင်တို့က ငွေကျပ် ၁၀၀၀၀၀ စီတို့ကို ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်အား ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါထံ ဦးကျော်မြင့် (၂၇)လမ်းက ငွေကျပ်၅၀၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ စီးပွားရေးအဖွဲ့ ခေါင်းဆောင် ဒေါ်သန်းနု၊ ဦးစိုးစိုး (ယုဇနလက်ဖက်ရည်ဆိုင်)၊ အလုံမြို့နယ်မှ စေတနာရှင်ပြည်သူများ၊ ဦးမြဦး (ကဏန်းကုန်သည်များ စည်းကမ်းထိန်းသိမ်းရေး)နှင့် ဒေါ်မြင့်မြင့် (မေစန်းသမဝါယမ)တို့က ငွေကျပ် ၃၀၀၀၀ စီ၊ ဦးမောင်အေး (လသာ)နှင့် Western Park စားသောက်ဆိုင်တို့က ငွေကျပ် ၅၀၀၀၀စီ၊ ဦးမြင့်သိန်း (သမာဓိရောင်းဝယ်ရေးလီမိတက်)နှင့် ဦးသန်းမောင်(ပန်းဘဲတန်း)တို့က ငွေကျပ် ၂၀၀၀၀စီ၊ ဒေါ်မြင့်မြင့်သန်း (စမ်းချောင်း)၊ ဦးမောင်အေး– ဒေါ်နန်းကျော့ခိုင်၊ လသာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် လသာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် ၁၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ထူးချွန်အသင်းသားအသင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အစီအစဉ်ကိုကျင်းပရာ ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ဆုရ အသင်းဝင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမောင်မြင့်နှင့် တာဝန်ရှိသူများကထူးချွန်ဆုရ အသင်းဝင် ကျောင်းသား ကျောင်းသူများ၊ ဗဟိုအဆင့်၊ တိုင်းအဆင့်ပြိုင်ပွဲများနှင့် သင်တန်းများတွင် ထူးချွန်ဆုရရှိသူ အသင်းဝင်များနှင့် အကြိမ်အများဆုံး သွေးလှူဒါန်းသော အသင်းဝင်အား ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှုသင်တန်း အမှတ်စဉ်(၃)တွင် ပို့ချခဲ့သော ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်နှင့် သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ဒုတိယပိုင်း အစီအစဉ်ကို ကျင်းပရာ သဘာပတိအဖြစ် ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (အနောက်ပိုင်းခရိုင်တာဝန်ခံ) တိုင်းအလုပ်အမှုဆောင် ဦးမင်းသိမ်းက ဆောင်ရွက်သည်။

### အတည်ပြုချမှတ်

အစီအစဉ်အရ သဘာပတိ ဦးမင်းသိမ်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ရေးရာအလိုက် ခရိုင်အလုပ်အမှုဆောင်များက ဖတ်ကြားတင်သွင်းခြင်း၊ နိုင်ငံတော်အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေး အစီရင်ခံစာ တင်သွင်းခြင်း၊ အမှုဆောင်အဖွဲ့၏ ရေးရာအလိုက် အစီရင်ခံစာများအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ အကြံပြုဆွေးနွေးချက်များအပေါ် ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးနေဝင်းက ပြန်လည်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး ဆုံးဖြတ်ချက် လေးရပ်နှင့် မှတ်တမ်းတင်ခြင်း ခြောက်ရပ်တို့ကို အတည်ပြုချမှတ်ကြသည်။ **(သတင်းစဉ်)**

## မြန်မာ့အစဉ်အလာနှင့် ကမ္ဘာ့မင်္ဂလာ

လူ့စွမ်းအား အရင်းအမြစ်
ထွန်းသစ်ဖို့ စေတနာ
ကရုဏာ ရွှာစွေဖြိုး
ပံ့ပိုးဆရာ၊
ကိုယ်ကျိုးလည်း မမျှော်ရှာ
အနစ်နာ အကြင်နာတရား
ပီတိသာ သူခံစား
မြတ်ဆရာ အနန္တငါး
ဦးထိပ်မှာထား။

'ကြား' 'မြင်' 'သင်'ဆရာများ
သုံးပါးမြတ် အဝင်အပါ
ကျင့်သိက္ခာ ဂုဏ်အင်ထူး
လက်ဦးဆရာ၊
မြန်မာတို့ စရိုက်လက္ခဏာ
အိပ်ရာဝင် ဦးနှိမ်ချ
သက်ခန္ဓာ တည်သမျှ
ရိုကျိုးတုပ်ကွ။

ကုလကမ္ဘာ အမြတ်တနိုး
မော်ကွန်းထိုး ဖော်ဆောင်ကာ
ကမ္ဘာ့ရွာ "ဆရာနေ့"
လက်တွေ့ပေါ်လာ၊
ကောင်းမြတ်တဲ့ မင်္ဂလာ
ကြိုဆိုကာ တူဆုံတွေ့
ထပ်ဆင့်ကာ မြန်မာ့ဓလေ့
ယဉ်ကျေးစွာ စဉ်လာမမေ့
ဆရာများနေ့ ။ ။

**(ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုဖွဲ့ဆိုပါသည်။)**

**ကျော်ဓာဟန်**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
# ညှိနှိုင်းကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၄**

၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ညှိနှိုင်းကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီးရှိ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ညှိနှိုင်းကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား ညှိနှိုင်းကျွေးမွေးရေး အဖွဲ့ခွဲဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းနောင်က အဖွင့်အမှာစကားပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ညှိနှိုင်းကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များကို ဆပ်ကော်မတီအဖွဲ့များက ကဏ္ဍအလိုက် ဖတ်ကြားရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ ကြိုဆိုနေရာချထားရေးအဖွဲ့ခွဲဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲမှူးကြီးစိုးဝင်းမြင့်က လည်းကောင်း၊ ညှိနှိုင်းကျွေးမွေးရေးအဖွဲ့ခွဲ အတွင်းရေးမှူး ဗိုလ်မှူးစံချစ်က လည်းကောင်း၊ သက်သာချောင်ချိရေးအဖွဲ့ခွဲ ဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ အထွေထွေမန်နေဂျာ ဦးခင်မောင်စိုးက လည်းကောင်း ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။ **(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာဆန်စပါးနှစ် ( ၂၀၀၄ )
# ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရရှိသူစာရင်းကြေညာ

**ရန်ကုန် အောက်တိုဘာ ၄**

အပြည်ပြည်ဆိုင်ရာဆန်စပါးနှစ် (၂၀၀၄) အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်ပုံများကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဓာတ်ပုံအသင်း၌ ဆုရွေးချယ်ရာ ပထမဆု စိန်ဝင်းထွေး (အောင်ချမ်းသာ)၊ ဒုတိယဆု ညောင်ဦးဖိုးချို၊ တတိယဆု သိန်းကြည် (ဇော်ရဲထွဋ်–တနင်္သာရီ) တို့က လည်းကောင်း၊ နှစ်သိမ့်ဆု(၁) စိန်ဝင်းထွေး (အောင်ချမ်းသာ)၊ နှစ်သိမ့်ဆု(၂) မိုးကုတ်စိုးငွေးနှင့် နှစ်သိမ့်ဆု(၃) ထင်အောင်(အင်းစိန်) တို့က လည်းကောင်း အသီးသီးရရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပညာရေးမြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့





**စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး**

**မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စမ်းချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)**

***✻ ကျောဖုံးမှ***

ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ အလှူရှင်များနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား စမ်းချောင်း မြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူများက ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့တို့နှင့် တွဲဖက်၍ မြန်မာ့ကျောင်းသီချင်းကို သီဆိုကာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်များကို ကျင်းပရာ ကျောင်းသူလေးများဖြစ်ကြသည့် မခင်မေဦးနှင့် မချောကြည်ဖြူတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် အစီအစဉ်အရ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Language Lab Room ၌ ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများ တပ်ဆင်ထားရှိမှု၊ ဆရာ ဆရာမများ၏ ကြီးကြပ်သင်ကြားပေးမှုနှင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။



**စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားတွင် ဧဒင်ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးနေမျိုးခိုင်က အလှူငွေကျပ် ၈၃ သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

**ကြည့်ရှုအားပေး**

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Video System ( Electronic Media ) Room၊ Computer Aided Instruction Room၊ Electronic Media (Audio System ) Room၊ Printed Media ( Reading Corner ) Room နှင့် Computer Application Room တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများ၏ သင်ကြားပေးနေမှုများ၊ ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားမှု စွမ်းရည်များကို ကြည့်ရှုအားပေးကြသည်။



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းမြင့်တို့က စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)**

ထို့နောက် ဘုရားခန်းနှင့် အိမ်တွင်းမှု သိပ္ပံခန်းတို့ကို ကြည့်ရှုစစ်ဆေးကြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ကျောင်းသူလေးများက ၎င်းတို့ ကိုယ်တိုင်ချုပ်လုပ်ထားသည့် အိမ်တွင်းမှု အသုံးအဆောင်ပစ္စည်းကို လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ထို့နောက် ကျောင်းခန်းမ၌ ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများလှူဒါန်းခြင်း အခမ်းအနား အစီအစဉ်ကိုကျင်းပရာ ကျောင်းသူလေးများဖြစ်ကြသည့် မငြိမ်းငြိမ်းထွန်းနှင့် မသီရိသာတို့က အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာကြသည်။

**သီဆိုဖျော်ဖြေ**

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက အထက(၁) စမ်းချောင်းသီချင်းနှင့် ရတနာပုံသီချင်းတို့ကို သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ကျောင်းသား မောင်နေလင်းထက် ရေးသားသည့် **“ညီညွတ်ခြင်းသည်အင်အား”** သီချင်းကို တိုင်းရင်းသားဝတ်စုံများ ဝတ်ဆင်ထားသည့် ကျောင်းသားကျောင်းသူများက စုပေါင်းသရုပ်ဖော် တင်ဆက်ကြသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန်က ရှင်းလင်းတင်ပြရာ၌ ၎င်းကျောင်း၏ တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်မှာ ၂၀၀၂ ခုနှစ်တွင် ၄၂ ဒသမ ၀၄ ရာခိုင်နှုန်း၊ ၂၀၀၃ ခုနှစ်တွင် ၄၆ ရာခိုင်နှုန်းရှိခဲ့ပါကြောင်း၊ ၂၀၀၄ ခုနှစ်တွင် ၅၁ ရာခိုင်နှုန်းအထိ တိုးတက်အောင်မြင်ခဲ့ပါကြောင်း။

၎င်းကဲ့သို့ အောင်မြင်မှုများရရှိခြင်းသည် ၁၉၉၈ ခုနှစ်မှ စတင်ခဲ့သည့် ပညာရေးမြှင့်တင်မှု အစီအစဉ်များကို တက်ကြွစွာအကောင်အထည်ဖော်ခြင်းနှင့် ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ၏ အကျိုးကျေးဇူးကြောင့် ဖြစ်ပါကြောင်း။

၎င်းကျောင်းမှ ကျောင်းသားကျောင်းသူများအား ပညာရည်ပိုမိုတိုးတက်မြင့်မားရေးအတွက် ဖွဲ့စည်းတပ်ဆင်ထားပြီးဖြစ်သည့် ပညာရည်မြင့်မားရေး အထောက်အကူပြု ပစ္စည်းများကို အချိန်ဇယားစနစ်တကျ ရေးဆွဲ၍အချိန်ပြည့် သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသိန်းမြင့်က ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဧဒင်အုပ်စုကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးနေမျိုးခိုင်က ပညာရည် မြင့်မားရေးအထောက်အကူပြုပစ္စည်းများအတွက် အလှူငွေကျပ် ၈၃ သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန်အား ပေးအပ်လှူဒါန်းသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ကျားကိုးကောင် မော်တော်ယာဉ် ထုတ်လုပ်ရေးမှ ဥက္ကဋ္ဌ ဦးခင်ဇော်က ငွေကျပ် ၁၀ သိန်း၊ ဦးကိုကိုထွေး-ဒေါ်အေးအေးသန်း တော်ဝင်မိသားစုကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ စမ်းချောင်းမြို့နယ်အတွင်းရှိ မိဘပြည်သူများက ငွေကျပ်၂၁၀၀၀၀ တို့ကိုပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်ထံ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်ထိုက် (စိတ်တိုင်းကျကဖီး)က ငွေကျပ်တစ်သိန်း၊ ဦးအေးကြည်-ဒေါ်ဌေးဌေးဝင်း (စိတ်တိုင်းကျ ကဖီး)က ငွေကျပ် တစ်သိန်း၊ ဦးဟန်အေး ပါရမီရိပ်သာမိသားစုက ငွေကျပ်တစ်သိန်းတန်ဖိုးရှိသည့် သင်ထောက်ကူ CD ၇၁ချပ်ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းထံ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသားကျောင်းသူများက ငွေကျပ် ၁၄၀၀၀၀၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့အတွင်းရေးမှူး ဦးလှအောင်ရွှေနှင့်

ကေသီပန် ဦးလှမြင့်တို့က ငွေကျပ် ၈၀၀၀၀၊ ဦးမင်းစိုး-ဒေါ်လှလှဝင်း၊ သားမောင်အောင်ကျော်ကျော်တို့က ငွေကျပ် ၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ ဦးဆန်းဝင်းနှင့် သူငယ်ချင်းတစ်စုက ငွေကျပ်၅၀၀၀၀၊ ဦးမြင့်စိန်-ဒေါ်ဥမ္မာခင် (သမ္မတကုမ္ပဏီလီမိတက်)က ငွေကျပ် ၅၀၀၀၀နှင့် ကျောင်းသားဟောင်း ဦးအောင်စိုးမိုးက ငွေကျပ် ၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းထံ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးစိုးနိုင် (အေးမေတ္တာ-ယာဉ်အပိုပစ္စည်း)နှင့် ဦးမိုး၊ ဦးညိမ်းမောင်မိသားစုတို့က ငွေကျပ် ၆၀၀၀၀၊ JAZZ စားတော်ဆက်နှင့် ဦးခင်ဇော်(မြတ်ဆုဝေပညာရေး)က ငွေကျပ် ၆၀၀၀၀ နှင့် ဦးစောဝင်းကို-ဒေါ်တင်တင်မြင့် မိသားစုက ငွေကျပ် ၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဝန်ကြီး ဦးသန်းအောင်က လူတို့၏အသိဉာဏ်အမြော်အမြင်မြင့်မားရေး ဆောင်ရွက်ချက်သည် ကောင်းမွန်မြင့်မြတ်သည့် ဆောင်ရွက်ချက်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ပညာရည်မြင့်မားရေးအတွက် ပံ့ပိုးကူညီလှူဒါန်းကြသည့် ပုဂ္ဂိုလ်များအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။

**ကြိုးပမ်းအားထုတ်**

ယနေ့ကာလသည် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့်အချိန်ကာလဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်အားပေးမှုဖြင့် ပညာရည်မြင့်မားရေးအတွက် ပြည်သူတစ်ရပ်လုံးက အပြည့်အဝ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပညာရေးမိသားစုများအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေး ရည်မှန်းချက်များ အောင်မြင်မှုရရှိရေးအတွက် ထိထိရောက်ရောက် ကြိုးပမ်းအားထုတ်သွားရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)သည် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ မိဘပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။





**မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားတွင် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)**



**မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားတွင် ကျောင်းသား ကျောင်းသူများ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)**

**စုပေါင်းဓာတ်ပုံရိုက်**

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ စမ်းချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ပြန်လည်ထွက်ခွာကြရာ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းကို သီဆို၍ နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဦးသောင်းအား အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနအတွင်းဝန်တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၄**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် မစ္စတာရှိုင်ယန်ဆာရမ်နှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံရာသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်တို့ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia လည်း ပါဝင်တက်ရောက်သည်။ **(သတင်းစဉ်)**

## ပညာရေးဝန်ကြီးဦးသန်းအောင်အား အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန်တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၄**

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်အား ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် မစ္စတာရှိုင်ယန်ဆာရမ်နှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်း စိန်ရတုခန်းမရှိ ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံ နှုတ်ဆက်သည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံရာသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia လည်း ပါဝင်တက်ရောက်သည်။ **(သတင်းစဉ်)**



**စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့**

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။



## အာဆီယံကုန်စည်ပြပွဲ-၂၀၀၄ ဖွင့်ပွဲတက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်သို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၄**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ကျင်းပမည့် အာဆီယံကုန်စည်ပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ဓါပုံ)**

မြန်မာကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်ကြီးများအသင်းမှ ဥက္ကဋ္ဌဦးထွန်းအောင်နှင့် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တိုးတိုးဝင်းတို့လည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

# ရှိသေဦးခိုက် ကန်တော့လိုက်ပါ၏

ဦးသန်းဦး






**ဆရာကောင်း တပည့်**

**ပန်းပဲဆရာ အထုမခံရတဲ့ သံတုံးဟာ လက်နက်ဖြစ်မလာပါ။**
**ကျောက်ဆစ်ဆရာ အဖြတ်မခံရတဲ့ ကျောက်တုံး ဟာ**
**အရုပ် ဖြစ်မလာပါ။**
**ဆရာကောင်း အဆုံးအမမခံရတဲ့ တပည့်ဟာ သူကောင်း**
**ဖြစ်မလာပါ။**

ပထမ ရွှေကျင် ဆရာတော်ဘုရားကြီး။

မှန်ပါသည်။

**ပန်းပဲဆရာ၏ ထုလုပ်မှုဖြင့် သံတုံးသည် လက်နက်ကောင်းတစ်ခု ဖြစ်လာရသည်။ ကျောက်ဆစ်ဆရာ၏ ထုလုပ်မှုဖြင့် အရုပ်ကောင်းတစ်ခု ဖြစ်လာရသည်။ ထိုနည်းအတူပင် ဆရာကောင်း၏ သင်ကြားပြသ သွန်သင်ဆုံးမ လမ်းညွှန်မှု၊ ပြုစုပျိုးထောင်မှုဖြင့် တပည့်သည်လည်း သူကောင်းတစ်ယောက် ဖြစ်လာရခြင်းမှာ အမှန်ပင် ဖြစ်တော့သည်။**

ဤသည်ကို ရည်ညွှန်း၍ မှတ်ရလွယ်အောင်၊ ဆောင်ရလွယ်အောင်၊ ဆရာကောင်းတပည့် ပန်းကောင်းပန်သည်ဟူ၍ ဆိုရိုးတစ်ခုပြုထားခြင်း ဖြစ်ပေသည်။

**ဆရာသုံးပါး**

မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ဆရာကို ...

**သင်ဆရာ**
**မြင်ဆရာ**
**ကြားဆရာ**

ဟူ၍ သုံးမျိုး သတ်မှတ်လက်ခံထားသည်။

**သင်ဆရာ**

သင်ဆရာသည် စင်စစ်အားဖြင့် ပညာသင်ပေးသည့် ဆရာဖြစ်သည်။နှုတ်မှုပညာ၊ လက်မှုပညာ၊ စက်မှုပညာစသည့် စာပေပညာနှင့် အတတ်ပညာအမျိုးမျိုးတို့ကို သင်ကြားပို့ချ၊ ပြသ၊ နည်းပေး၊ လမ်းညွှန်သည့် ဆရာတစ်ဆူဖြစ်သည်။

ထို သင်ဆရာသည် စာပေပညာ၊ အတတ်ပညာ၊ နည်းပညာ သက်သက်မျှကိုသာမက မိမိတပည့်ကို လိမ္မာရေးခြားရှိလာအောင်လည်း ဆိုဆုံးမသော၊ သွန်သင်သော၊ လမ်းညွှန်သော ဆရာလည်း ဖြစ်ပေသည်။ ထိုဂုဏ်နှင့် ပြည့်စုံသူ ဆရာကို မြန်မာတို့က အစဉ်အလာအားဖြင့် အာစရိယဆရာအဖြစ် လည်းကောင်း၊ ဥပဇ္ဈာယ် ဆရာဟူ၍လည်းကောင်း သတ်မှတ်ခေါ်ဆိုလေ့ရှိသည်။ ဤကြီးမြတ်လှသော ဂုဏ်ဒြပ်နှစ်ရပ်တို့နှင့် ကုံလုံပြည့်စုံသူကို ကျေးဇူးရှင်မြတ်ဆရာဟူ၍လည်း အညီအညွတ် လက်ခံသတ်မှတ်ကျင့်သုံးလျက် ရှိနေပေသည်။

စင်စစ်အားဖြင့် ထိုဂုဏ်နှစ်ရပ်နှင့် ကုံလုံပြည့်စုံသူကို မြန်မာ့လူ့အဖွဲ့အစည်းက မြတ်ဆရာ ဟူ၍ သတ်သတ်မှတ်မှတ် တလေးတစား မြတ်နိုးပြီး အားကိုးအားထားထိုက်သူအဖြစ်၊ ကျေးဇူးကြီးမားလှသူအဖြစ်၊ ကျေးဇူးရှင်အဖြစ် ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် တစ်ဂိုဏ်းတည်းထားသော အနန္တဂိုဏ်းဝင်အဖြစ်ဖြင့်လည်း အစဉ်ထာဝရ၊ အစဉ်အလာမပျက်၊ ထုံးဓလေ့အရ ဆက်လက်၍ မြန်မာတို့ ခံယူကျင့်သုံးသွားကြမည်မှာ အမှန်ပင် ဖြစ်သည်။

**ဆရာ မပြ နည်းမကျ**

ဤနေရာ၌ ဆရာ မပြ နည်းမကျဟူသော မြန်မာတို့၏ ဆိုရိုးတစ်ခုကို အလျဉ်းသင့်သဖြင့် တင်ပြချင်ပါသေးသည်။ ဤဆိုရိုး၏ ဆိုလိုရင်းမှာ ဆရာက တပည့်အား လက်ထပ်သင်ကြားမပေးလျှင် လက်ရေးလက်သားကအစ နည်းမကျ ဖြစ်ရသကဲ့သို့ အတွေ့အကြုံရှိသူ ဆရာ၊ ကျွမ်းကျင်သူဆရာက စနစ်တကျ လက်ထပ်ပြသပေးခြင်း မရှိလျှင်လည်း နည်းလမ်းမကျ၍ ကောင်းစွာ တတ်မြောက်ခြင်းမရှိဟု ဆိုလိုခြင်းဖြစ်သည်။ ဆိုရိုး၏ အပြည့်အစုံမှာ ဆရာ မပြ နည်းမကျ ရသည့်ပညာ မသေချာဟူ၍ မှတ်သားရမိသည်။

ဤအခြင်းအရာကို အကြောင်းပြု၍ ဆရာ မပြပါက ငါးပိဖုတ်ရာတွင်ပင် နည်းမကျဖြစ်ရကြောင်းကို ငါးပိဖုတ်တောင် ဆရာ မပြ နည်းမကျ ဟူသော နောက်ဆက်တွဲ ဆိုရိုးတစ်ခုလည်း တစ်ဆက်တည်း ရှိလာပါတော့သည်။

**မြင်ဆရာ**

မြင်ဆရာ လက်ထပ်သင်ကြားပေးခြင်း မပြုသော်ငြားလည်း မိမိဘာသာ အတုမြင်အတတ်သင် ဟူသော သဘောတရားနှင့်အညီ လောကရှိ အမြင်အရ ယူ၍ လေ့ကျင့်သင်ယူ တတ်မြောက်လာနိုင်သည်များလည်း ရှိနေသည်။

သာဓကအနေဖြင့် လုံ့လစားသမားတစ်ဦး၏ အကြောင်းကို နမူနာ တင်ပြလိုပါသည်။

ရှေးအခါက ယောကျ်ားတစ်ယောက်သည် မြစ်အနီးရှိ ကတွတ်ပေါက်၌ ငါးကို မြှောက်ကစားနေသော ဖျိုင်းကိုမြင်တွေ့ရာ ယင်းကို အတုယူပြီး သစ်ချွန်များကို ကောင်းကင်သို့ ပစ်မြှောက်၍ မြေသို့မကျမီ ပါးစပ်ဟ ခံယူနိုင်အောင် လေ့ကျင့်သင်ယူလေသည်။ ထိုမှ တစ်ဆင့်ပြီးတစ်ဆင့် အုတ်ခဲ၊ လုံတံ၊ သန်လျက် စသည်တို့ကို ပစ်မြှောက်ပြီး မြေသို့မကျမီ ပါးစပ်ခံယူနိုင်အောင် လေ့ကျင့်ခြင်း ပြုလုပ်သည်။ ထိုသူသည် မိမိ၏ကျွမ်းကျင်လိမ္မာမှုကို တစ်ရွာဝင်တစ်ရွာထွက် ပြသရာ လူအများသဘောကျ၍ ဆုလာဘ်များစွာ ရလေသည်။ ထိုယောကျ်ား၏သတင်းကို ပြည့်ရှင်မင်းကြားသော် မင်းပွဲသဘင် မင်းရင်ပြင်သို့ ဝင်ရောက်ပြသစေသည်။ ထိုသူ၏ အံ့မခန်းသည့် ပညာစွမ်းကို မင်းကြီးမြင်၍ အသင်၏ဆရာသည် မည်သူနည်းဟုမေးရာ ထိုသူက ဖျိုင်းထံမှ ရရှိကြောင်း ဝန်မခံလို၍ သူ့မှ ဆရာမရှိပါကြောင်းဖြေကြားလေသည်။ ထို့နောက် တစ်ဖန် လုံ့လစားပြန်သော် လုံသွားသည် အာခေါင်၌ စူးဝင်ကာ သေဆုံးသွားရလေသည်။

ဤနေရာ၌ တိရစ္ဆာန်ဖျိုင်းကို ဆရာအဖြစ် (မြင်ဆရာအဖြစ်)အသိအမှတ် မပြုသော လူသားလုံ့လစားသမားသည် အာခေါင်လုံစူး၍ သေပွဲဝင်ရခြင်းကို အကြောင်းပြုပြီး မန်လည်ဆရာတော် ဘုရားကြီး" (မြန်မာ ၁၂၀၃-၁၂၈၂)က-

**ဆရာကိုပယ်၊ ကိုယ်ဝယ်လုံစူး၊ အထူးမျက်မှောက် မန္တန်ပျောက်နှင့် အုတ်ကျောက်ခဲဖြို့၊ မြေခွဲမျို၍၊ ဤကို ဒိဋ္ဌ၊ ဒုက္ခဖြစ်ကြောင်း၊ ထုံးဟောင်းတင်စွာ၊ ကျမ်း၌လာ၏။"** (ပုတ္တောဝါဒခန်း ၂၅၅)

ဟူ၍ ဖွဲ့ဆိုညွှန်ပြထားသည်မှာ အထင်အရှားဖြစ်သည်။

သို့ဖြင့် ဆရာကာပြန် အာခေါင်လုံစူး ဟူသော ဆိုရိုးစကားတစ်ခုသည်လည်း ထင်ရှားရှိလာပါသည်။ မြင်ဆရာ၏ ကျေးဇူးဂုဏ်ကိုလည်း အစဉ်အမြဲ မမေ့အပ်ကြောင်း သာဓကကောင်း တစ်ရပ်အဖြစ် ပြဆိုလိုက်ရခြင်း ဖြစ်ပေသည်။

**ကြားဆရာ**

အကြား၊ အမြင် များခြင်းသည် ကောင်းမြတ်သော မင်္ဂလာတစ်ပါး ဖြစ်ကြောင်းကို သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတွင် ထည့်သွင်းဖော်ပြထားသည်ကို မှတ်သားရပါသည်။ မှန်ပါသည်။ အကြားအမြင်များခြင်းသည် ဗဟုသုတနှင့် ကြွယ်ဝကုံလုံပြည့်စုံခြင်းပင် ဖြစ်သည်။

ကြားရာမှ အသိအလိမ္မာ ရရှိလာခြင်း၊ ကြားရာမှ အလေ့အကျင့်ကောင်း ရရှိလာခြင်း၊ အတုယူ အတတ်သင်လာခြင်းစသည်တို့ ကောင်းစွာဖြစ်ထွန်း လာသည်။

အကြားနှင့် စပ်လျဉ်း၍ ရဟန်းပညာရှိ ရဟန်းစာဆို ရှင်မဟာရဋ္ဌသာရ (မြန်မာ ၈၃၀-၈၉၂)က-

**"မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို ရှာ၍မပြတ် အိမ်တွင်ဖတ်**
**ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်**
**သိမြင်ကင်းကွာ၊ မလိမ္မာလည်း**
**စာပေစကား နေ့တိုင်းကြားက ထူးခြားလိမ္မာ**
**ရှိသည်သာတည့်"**

ဟူ၍ ဆုံးမလမ်းညွှန်ထားသည်ကို တွေ့မြင်မှတ်သားရသည်။

မှန်ပါသည်။ အကြား ကြားဖန်များလာလျှင် မှတ်သားစရာများကို ပွားများတိုးတက်ရရှိလာပုံကို နေမျိုးမင်းထင်ကျော်ခေါင်ဘွဲ့ရ အမှာတော်ရေး ဦးရှင်ကလေး (မြန်မာ ၁၁၈၆-၁၂၆၉)က "လောကနီတိကျမ်း"၏ အဆိုအလိုတို့နှင့်အညီ "လောကနီတိပျို့"တွင်-

**"ပြည့်စုံသုတ၊ ပွားထပညာ၊ အနက်မှာကို**
**သိပါသောအား၊ ချမ်းသာပွား၏"**

ဟူ၍ ပညာသားပါပါ စပ်ဆိုဖော်ထုတ်ဖွင့်ဟ လမ်းညွှန်ပြသ မိန့်မှာ၍ ထားပါသည်။ လိုရင်းကို တိုတိုနှင့် ချုံချုံဖော်ပြရသော်-

**"နာကြားခြင်း၊ မှတ်သားခြင်းတို့ကြောင့် သုတနှင့်ပြည့်စုံ၏၊**
**သုတပညာဖြင့် ပွားများတိုးတက်နိုင်၏၊**
**သုတပညာဖြင့် အနက်အဓိပ္ပာယ်ကို သိနိုင်၏၊**
**သိရှိလာသော အနက်အဓိပ္ပာယ်သည် ချမ်းသာကို ဆောင်တတ်၏"**

ဟူသော အကျိုးရလဒ်ကို မုချရရှိပါတော့သည်။

သို့ဖြစ်၍ ကြားဆရာထံမှ ရရှိမှုတို့သည်လည်း အကျိုးပွားတိုးရာ ပွားတိုးကြောင်းကို ဖန်တီးဖော်ဆောင်ပေးနိုင်ရကား ကြားဆရာကို ဆရာဟူ၍ ကျွန်ုပ်တို့ သတ်မှတ်ရမည်သာဖြစ်သည်။ ဤကြားဆရာ၏ ကျေးဇူးသည်လည်း ကြီးမားလှပါဘိသည်။ ထိုကျေးဇူးတရားကို အစဉ်အလေးထားကြရမည်လည်း ဖြစ်သည်။

ယခုခေတ်သည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (Information and Communication Technology)တစ်အား ထွန်းကားလာသော ခေတ်အခါကာလ သမယဖြစ်သဖြင့် အကြားအမြင်တို့ စုံလင်များပြားလှရကား ထိုအကြားအမြင်တို့မှ ယူတတ်လျှင် ရနေကြမည်ဖြစ်သည်။ ကျွန်ုပ်တို့အဖို့ မြင်ဆရာ၊ ကြားဆရာအဖြစ် ရွေးချယ်ခံယူတတ်ဖို့သာ အထူးလိုအပ်မည်။

အထက်တွင် ပြဆိုခဲ့သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ဤသုံးပါးစလုံးသည် ယခုခေတ် နှစ်ဆယ့်တစ်ရာစု ပညာလွှမ်းမိုးသောခေတ်၊ ပညာ့လူ့ရွာ လူ့ကမ္ဘာ၌လည်း တန်ဖိုးမဖြတ်နိုင်သော ကမ္ဘာ့ဆရာသုံးဆူသဖွယ် အလေးအမြတ်ထားကြရလိမ့်မည် ဖြစ်သည်။

**ပညာဟူသည် မြတ်ရွှေအိုး၊ ပညာလို အိုးသည်မရှိ၊ ပညာရေး ဝေးသည်မရှိ** ဟူသော မြန်မာ့ဆိုရိုးစကားတို့သည် ပညာခေတ်ကို ကောင်းစွာ ထင်ဟပ်ဖော်ညွှန်းနေကြသော တကယ့်အနှစ်သာရနှင့် ပြည့်ဝစွာရှိသော ဆိုရိုး စကားများ ဖြစ်ကြသည်နှင့်အညီ ပညာကို အစဉ်သင်ယူနေသော ယနေ့လူ့အဖွဲ့အစည်း (Lifelong Learning society)၌ အစဉ်ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးသို့ ရှေးရှုကြိုးပမ်းအားထုတ်မှု ပြုနေသော ဤလူ့ဘောင်၌ ဆရာသည် ကျွန်ုပ်တို့အဖို့ အစဉ် ကူညီလမ်းညွှန်သူ စင်စစ်ဖြစ်ကြသည်။

သို့ဖြစ်၍ ကောင်းမြတ်သော ကျွန်ုပ်တို့၏ မင်္ဂလာတရားတော်နှင့်အညီ-

**ရိုသေထိုက်သော**
**ပူဇော်ထိုက်သော**
**ကျေးဇူးရှိနေသော**

ဘဝရှေ့ဆောင် ရှေ့ရှုက်ဖြစ်ကြသည့် ကျွန်ုပ်တို့၏ မြတ်ဆရာများကို ဤ **၂၀၀၄ခုနှစ် ကမ္ဘာ့ဆရာများနေ့** တွင် အထူးလှိုက်လှဲစွာ ရိုသေဦးခိုက် ပူဇော်ကန်တော့လိုက်ရပါကြောင်း။ ။

ပန်းပဲဆရာ၏ထုလုပ်မှုဖြင့် သံတုံးသည် လက်နက်ကောင်းတစ်ခု ဖြစ်လာရသည်။ ကျောက်ဆစ်ဆရာ၏ ထုလုပ်မှုဖြင့် အရုပ်ကောင်းတစ်ခု ဖြစ်လာရသည်။ ထိုနည်းအတူပင် ဆရာကောင်း၏ သင်ကြားပြသ သွန်သင်ဆုံးမ လမ်းညွှန်မှု၊ ပြုစုပျိုးထောင်မှုဖြင့် တပည့်သည်လည်း သူကောင်းတစ်ယောက် ဖြစ်လာရခြင်းမှာ အမှန်ပင် ဖြစ်တော့သည်။

## ဆရာအပေါင်း မေတ္တာလောင်း၍

* လူသားတစ်ယောက်၊ လူလားမြောက်သည်
မမြောက်သည်ကို၊ ရုပ်ရည်ခန္ဓာ
ကြည့်ရှုကာဖြင့်၊ တိုင်းတာသုံးသပ်
ဆုံးဖြတ်ရရိုးမရှိပါ။

* အရွယ်အသက်၊ လိုက်ဖက်ညီစွာ
ခန္ဓာဖွံ့ထွား၊ စကားပီပီ
ရှေ့နောက်ညီလျက်၊ ဉာဏ်ရည်ဉာဏ်သွေး
တုံ့နှေးမရှိ၊ မကောင်း၏နှင့်
ကောင်း၏အမြင်၊ ဆင်ခြင်နိုင်သည့်
တတ်သိပညာ၊ ကုံလုံစွာဖြင့်
လူ့ရွာတစ်ခွင်
အစဉ်လှုပ်ရှား၊ နေနိုင်သွားမှ
လူလားမြောက်သည်၊ ခေါ်နိုင်မည်တည့်။

* မိဘသည်ကား၊ သမီးသားကို
စကားပြောသင်၊ လမ်းလျှောက်သင်ပြီး
ခေါ်တွင်အမည်၊ သိအပ်သည်များ
စသင်ကြား၍၊ ဦးစားထိပ်တင်
ခေါ်တွင်သညာ၊ လက်ဦးဆရာ။

* လက်ဦးဆရာ၊ မာတာပိတ
ဦးစသွန်သင်၊ အလျဉ်မပြတ်
ကျောင်းကိုအပ်၍၊ အတတ်အသိ
ကိုယ်မှာရှိကို၊ ကိုယ်သိသမျှ
တစ်စမချန်၊ တတ်မွန်လိမ္မာ
ရှိစေရာတွက်
သေချာသင်ပြ၊ အာစရိယ။

* အာစရိယ၊ သွန်သင်ပြ၍
ရသည့်ပညာ၊ ခြေခံကာဖြင့်
ကြားရာမြင်ရာ၊ ဝင်လာအသိ
နှိုင်းညှိဝေဖန်၊ အမှန်အမှား
ဆပွားပညာ၊ ဆက်၍သာလျှင်
တိုးကာပွားကာ၊ ရနေပါ၏။

* လက်ဦးဆရာ၊ သင်ဆရာနှင့်
ဆရာကြားမြင်၊ ဂုဏ်အင်ကြီးမား
လေးပါးဆရာ၊ ကန်တော့ပါ၏
ဆရာအပေါင်း၊ မေတ္တာလောင်း၍
ကောင်းသောကမ္ဘာ၊ ငြိမ်းချမ်းစွာဖြင့်
ရှည်ကြာတည်တံ့ပါစေသတည်း။ ။

နွယ်ချို

ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုလျက်



# လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးစတင်ကျင်းပ

## လွန်ခဲ့သည့်နှစ်နှစ်တာအတွင်း စိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍများ၌ အောင်မြင်မှုများစွာရရှိခဲ့

## အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင် ပိုမိုပါဝင်နိုင်ရေးပူးပေါင်းရန်လို

ရန်ကုန် အောက်တိုဘာ ၄

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ စတင်ကျင်းပသည်။** (အပေါ်ပုံ)

### တက်ရောက်

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားသမ္မတနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာအဆင့်မြင့်အရာရှိ အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ (၂၅)ကြိမ်မြောက် အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သူ မလေးရှားနိုင်ငံမှ အဆင့်မြင့်အရာရှိ အဖွဲ့ခေါင်းဆောင် H.E. Dato Abi Musa Mohamed Norက အဖွင့်အမှာစကားပြောကြားသည်။

### ရွေးချယ်တင်မြှောက်

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက (၂၆)ကြိမ်မြောက် အစည်းအဝေးအတွက် သဘာပတိအဖြစ် မြန်မာနိုင်ငံမှ အဆင့်မြင့်အရာရှိအဖွဲ့ ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးနှင့် ဒုတိယသဘာပတိအဖြစ် ဖိလစ်ပိုင်သမ္မတနိုင်ငံမှ အဆင့်မြင့်အရာရှိအဖွဲ့ ခေါင်းဆောင် Segfredo R.Serrano တို့အား ရွေးချယ်တင်မြှောက်ကြသည်။

ယင်းနောက် သဘာပတိမြန်မာ အဆင့်မြင့်အရာရှိအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးက အမှာစကားပြောကြားရာတွင် မိမိတို့ မြန်မာနိုင်ငံအား ၂၀၀၄-၂၀၀၅ခုနှစ် (၂၆)ကြိမ်မြောက် အာဆီယံစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ သဘာပတိအဖြစ် တင်မြှောက်ခြင်းခံရသဖြင့် များစွာဂုဏ်ယူမိပါကြောင်း၊ ယခုကဲ့သို့ တင်မြှောက်ခံရခြင်းအတွက် ဒေသဆိုင်ရာ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများ၌ ပူးပေါင်းကြိုးပမ်းအားထုတ်မှုများတွင် မြန်မာနိုင်ငံ၏အခန်းကဏ္ဍကို အသိအမှတ်ပြုခြင်းဟု နက်ရှိုင်းစွာခံယူပါကြောင်း။

မိမိတို့အနေဖြင့် ယခုအစည်းအဝေးကျင်းပသည့် ရက်သတ္တပတ်အတွင်း များပြားလှသော အစီအစဉ်များကို ပြီးမြောက်အောင် ကိုယ်စားလှယ်တော်ကြီးများ၏ ပူးပေါင်းပါဝင်ပံ့ပိုးကူညီမှုဖြင့် အချိန်တိုအတွင်းပြီးစီးပြီး ရလဒ်ကောင်းများ ပေါ်ထွက်လာစေရန် စွမ်းဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း မိမိတို့၏စွမ်းဆောင်မှုများကြောင့် အာဆီယံနိုင်ငံများ၏ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာများတွင် အောင်မြင်မှုအရှိန်အဟုန်များစွာ ရရှိခဲ့ကြောင်း၊ ယင်းအရှိန်အဟုန်များအပေါ် မိမိတို့အနေဖြင့် အပြုသဘောဆောင်ကာ ဆက်လက်ဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍများ၏ လုပ်ငန်းအဖွဲ့များအနေဖြင့် အဖွဲ့ခွဲများနှင့်အတူ အာဆီယံအဖွဲ့ကြီး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ သို့သော်လည်း အနာဂတ်ဒေသဆိုင်ရာ စားနပ်ရိက္ခာလုံခြုံမှုရှိစေရေးနှင့် သာယာဝပြောရေးအတွက် ဆောက်ရွက်ရန်ကိစ္စများ အများအပြား ကျန်ရှိနေသေးကြောင်း၊ နိုင်ငံတကာမျက်နှာစာတွင်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သော အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် ပိုမိုတိုးမြှင့်ပါဝင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့အပြင် လွတ်လပ်သော ကုန်သွယ်မှုအစုအဝေးတွင် စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်လာစေရေးအတွက် လိုအပ်သည်များကို အရေးတကြီး ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း။

### လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး

အထူးသဖြင့် ဖွံ့ဖြိုးပြီး နိုင်ငံများ၏ ဈေးကွက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စိုက်ပျိုးရေးဆိုင်ရာ ထွက်ကုန်များ ဈေးကွက်ပိုမိုရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဖွံ့ဖြိုးပြီး နိုင်ငံများ၌ ကျင့်သုံးလျက်ရှိသော အခွန်မဟုတ်သည့် အတားအဆီးများဖြစ်သည့် အစားအသောက် လုံခြုံမှုဆိုင်ရာ လိုအပ်ချက်များမှာ မိမိတို့အတွက် အဓိကအတားအဆီးများအဖြစ် ဖြစ်ပေါ်လာလျက်ရှိကြောင်း၊ အာဆီယံအဖွဲ့၏မျှော်မှန်းချက် ၂၀၂၀ (ASEAN's Vision for 2020)အနေဖြင့် အာဆီယံဒေသ၏ ဘဏ္ဍာရေးဆိုင်ရာ တည်ငြိမ်မှုကို တိုးမြှင့်စေသည့် ပွင့်လင်းလှုပ်ရှားပြီး ညွတ်ပျောင်းလွယ်သည့် ဒေသတစ်ခုဖြစ်ပေါ်လာရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ဘက်စုံကုန်သွယ်မှုစနစ် တောင့်တင်းခိုင်မာစေရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့ ပါဝင်ကြောင်း။

ယခု ကျင်းပသောအစည်းအဝေးအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအများစု၏ ပင်မစီးပွားရေးကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေး၊ သားငါးနှင့် သစ်တောရေးရာ ကိစ္စရပ်များကို ဦးတည် ဆွေးနွေးသွားမည်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် လယ်ယာအခြေခံထွက်ကုန်များ တိုးမြှင့်ရေး၊ နည်းပညာလွှဲပြောင်းရေး၊ ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးနှင့် တကွ ကုန်သွယ်မှုဆိုင်ရာ အတားအဆီးမှန်သမျှ ဖယ်ရှားရန် ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း၊ မိမိတို့၏ဒေသတွင်း စားနပ်ရိက္ခာ လုံခြုံမှုရှိစေရေးနှင့် ရေရှည်တည်တံ့သည့် သစ်တောဆိုင်ရာ စီမံခန့်ခွဲမှုများကို ဆက်လက်၍ ခိုင်မာစေရန် အလို့ငှာ ယခု အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်တကွ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သည့် ယခုအစည်းအဝေးမှာအလွန်ပင်အရေးပါလှကြောင်း။

### ဆောင်ရွက်ရန်ရှိနေသေး

အောက်တိုဘာ ၇ ရက်တွင် စတင်ကျင်းပမည့် အာဆီယံစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ အကြိုအစည်းအဝေးတစ်ရပ်အနေဖြင့် မိမိတို့အနေဖြင့် ခက်ခဲသော တာဝန်များကို နှစ်ရက်အတွင်း အပြီးဆောင်ရွက်ရန် ရှိနေသေးကြောင်း။

သို့ဖြစ်ပါ၍ မိမိအနေဖြင့် ကိုယ်စားလှယ်များအား အာဆီယံ၏ သွေးစည်းညီညွတ်မှု အစဉ်အလာနှင့် အညီ ပူးပေါင်းဆောင်ရွက်ကြပြီး လိုအပ်သည့်အကူအညီများကိုလည်း အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ရယူဆောင်ရွက်သွားနိုင်ရန် အကြံပြု တိုက်တွန်းအပ်ပါကြောင်းဖြင့်ပြောကြားသွားသည်။

### ဝိုင်းဝန်းဆွေးနွေး

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးကျင်းပမည့် အစီအစဉ်များကို ညှိနှိုင်းအတည်ပြုခြင်း၊ပြီးခဲ့သော (၂၅)ကြိမ်မြောက် အစည်းအဝေးတွင် ချမှတ်ခဲ့သော လုပ်ငန်းရပ်များဖြစ်သည့် အာဆီယံစားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၀၅-၂၀၁၀)၊ ဗီယင်ကျန်းလုပ်ငန်း အစီအစဉ်၊ အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် နားလည်မှု စာချွန်လွှာရေးထိုးရေး၊ အာဆီယံဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေး ရန်ပုံငွေ ထူထောင်ရေး၊ ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ဗန်ကောက်မြို့၌ ကျင်းပမည့် (၁၃)ကြိမ်မြောက် မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင် ပန်းမန်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အစည်းအဝေး CITES (Convention on International Trade and Endangered Species of Wild Fauna and Flora)အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးတွင် ထုတ်ပြန်မည့် အာဆီယံ CITES ဆိုင်ရာ ကြေညာချက်နှင့် EU(European Commission)သို့ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများဥက္ကဋ္ဌ၏ ပေးစာမူကြမ်းတို့ကို ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးအစီအစဉ်၊ ဆွေးနွေးမည့် အကြောင်းအရာ၊ ညှိနှိုင်းအတည်ပြုရန် ကိစ္စရပ်များကို ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံတို့၏ (၄)ကြိမ်မြောက် အစည်းအဝေးကျင်းပမည့် အစီအစဉ်နှင့် ဆွေးနွေးမည့်အချက်များကို အစည်းအဝေးတက်ရောက်လာကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးပေါင်းစပ်ညှိနှိုင်းကြပြီး ပထမနေ့ အစည်းအဝေး အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးကို အောက်တိုဘာ ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ယင်းလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းစဉ်များပြကွက်၊ ကချင်ပြည်နယ် ပန်ဝါဒေသတွင် ကချင်အထူးဒေသ(၁)မှ ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်ပြီး National International Commercial Enterprise (NICE) Ltd. က ပြည်တွင်းဈေးကွက်ဖြန့်ဖြူးရေးနှင့် နိုင်ငံတကာဈေးကွက်ရှာဖွေ တင်ပို့နေသည့် နိုင်ငံတကာအဆင့်မီ Nara Green Tea လက်ဖက်ခြောက်ပြကွက်၊ သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့်မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အောက်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားလုပ်ငန်းဦးစီးဌာနနှင့်ငါးလုပ်ငန်းဦးစီးဌာနတို့မှ ပြကွက်များကိုခင်းကျင်းပြသထားသည်။ **(သတင်းစဉ်)**


❄ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ (၂၆) ကြိမ်မြောက် အစည်းအဝေး

❄ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏(၄)ကြိမ်မြောက် အစည်းအဝေး

❄ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆) ကြိမ်မြောက် အစည်းအဝေး

❄ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏(၄)ကြိမ်မြောက် အစည်းအဝေး

**ရန်ကုန်မြို့**

**၂၀၀၄ ခုနှစ်၊အောက်တိုဘာလ ၄ ရက်နေ့မှ ၈ ရက်နေ့အထိ**





### ကြည့်ရှုစစ်ဆေး

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး တီကျစ်ကျောက်မီးသွေး လောင်စာသုံး ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# တီကျစ်ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားပေးစက်ရုံ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး စစ်ဆေး စက်ရုံ သတ်မှတ်ကာလပြီးစီးရေး ကျွမ်းကျင်လုပ်သား ၁၆၀၀ ဖြင့် နေ့ညမပြတ် ဆောင်ရွက်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၄

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၃၀ရက် နံနက်ပိုင်းက ပင်လောင်းမြို့နယ်၊ နောင်တရားမြို့နယ် စုပေါင်းရုံးသို့ သွားရောက်၍ စုပေါင်းရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

**တင်ပြ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ရုံးခန်းမဆောင်၌ ဌာနဆိုင်ရာဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံရာ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က နောင်တရားမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မှု၊မြေဩဇာ အသုံးချမှုနှင့် အဓိကသီးနှံ ၁၀မျိုး တိုးချဲ့ စိုက်ပျိုးဆောင်ရွက်မှုများကို တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက နောင်တရားမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို လာရောက်ကြည့်ရှုခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊

**ဝိုင်းဝန်းကြိုးပမ်း**

နိုင်ငံတော်၏ လျှပ်စစ်စွမ်းအား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် တီကျစ်ကျောက်မီးသွေး လောင်စာသုံး ဓာတ်အားပေးစက်ရုံကြီးကို တည်ဆောက်လျက်ရှိရာ မကြာမီကာလတွင် လျှပ်စစ်ဓာတ်အားများ ရရှိ၍ ပိုမိုဖြည့်ဆည်းပေးနိုင်ပြီး ဒေသတွင်း ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အောင်မြင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် မြို့နယ်ကျန်းမာရေးရန်ပုံငွေအတွက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်တို့က ငွေကျပ်နှစ်သိန်းကိုပေးအပ်လှူဒါန်းကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့သည် တီကျစ်ကျောက်မီးသွေး လောင်စာသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိလာရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်း အင်ဂျင်နီယာ ဦးသိန်းဇော်နှင့် ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးကျော်ဇောတို့က စက်ရုံတည်ဆောက်မှု၊ စက်တပ်ဆင်မှုနှင့် လုပ်ငန်းအစိတ်အပိုင်းအလိုက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

**လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးမည်**

တီကျစ် ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားပေးစက်ရုံ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ လျှပ်စစ်ဓာတ်အားများ ထုတ်လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကျွမ်းကျင်လုပ်သား ၁၆၀၀ တို့ဖြင့် နေ့ညမပြတ် လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး အဆိုပါစက်ရုံမှ ၆၀ မဂ္ဂါဝပ် ဂျင်နရေတာ နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တီကျစ်ကျေးရွာမှ တောင်သူ ၁၄ဦး စိုက်ပျိုးထားသော ရွှေရင်အေး စပါး ၁၃ဧက တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





### ပေးအပ်လှူဒါန်း

**အောက်တိုဘာ၃ရက်က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့သို့ ပြိုင်ပွဲစရိတ်ငွေကျပ် ၁၂သိန်း ပေးအပ်လှူဒါန်းသည်ကို လက်ခံယူစဉ်။**

(အား/ကာ)

**အောက်တိုဘာ ၁ ရက်က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် နှုတ်မှုစွမ်းရည်ပြိုင်ပွဲကို တောင်ငူပညာရေးကောလိပ်၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်မြိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆရာ ဆရာမများ၊ သင်တန်းသား ကျောင်းသူများ တက်ရောက်အားပေးကြစဉ်။** (က-ပ)

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၄၀)ပြည့် နှစ်ပတ်လည်နေ့ ပြည်မြို့၌ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

နှစ်(၄၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်က ပဲခူးတိုင်း (အနောက်ပိုင်း)ပြည်မြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နဝင်းရိပ်သာ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင်ပဲခူးတိုင်း (အနောက်ပိုင်း) ရဲတပ်ဖွဲ့မှူးရဲမှူးကြီးမြင့်ဝေက အမှာစကားပြောကြားပြီး ရာထူးအဆင့် တိုးမြှင့်ခံရသည့် တပ်ဖွဲ့ဝင်များ၊ ရဲလုပ်ငန်းစွမ်းရည်ဆုရရှိသည့် တပ်ဖွဲ့ဝင်များ၊သင်တန်းထူးချွန်ဆု ရရှိသည့် ရဲတပ်ဖွဲ့ဝင်များ၊ အားကစားထူးချွန်သည့် ရဲတပ်ဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှု ပပျောက်ရေးအထိမ်းအမှတ် စာပေ၊ ပန်းချီ၊ ပိုစတာ ပြိုင်ပွဲများတွင် ဆုရရှိသည့် ပညာရှင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဆုရရှိသည့် ရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများ၊ မှုခင်းကျဆင်းရေးနှင့် ရဲလုပ်ငန်းများတွင် ပံ့ပိုးကူညီကြသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂ရက်က တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ဘိုးဘွားများအား အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)





# ရန်ကုန်အတွင်းရှိ သစ်အခြေခံစက်မှုလုပ်ငန်းစက်ရုံများ၊ သစ်ဆိပ်နှင့်သစ်ဆိုင်များ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၄

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းတွင် ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေး တတိယထပ်ရှိ Sinma Furnishings Co., Ltd. ပရိဘောဂအလုပ်ရုံသို့ရောက်ရှိရာ တာဝန်ခံဦးကျော်ကျော်ဝင်းက အလုပ်ရုံ၏ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ထုတ်လုပ်ပြီးအိမ်သုံးပရိဘောဂ ပစ္စည်းများကိုလည်းကောင်း၊ ပရိဘောဂပစ္စည်းများထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းဖြစ်အိမ်သုံးပရိဘောဂပစ္စည်းများ ပြည်ပဈေးကွက်များရရှိရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း၏ အလုံသစ်ဆိပ်သို့ ရောက်ရှိပြီးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**တင်ပို့**

ထို့နောက် ဝန်ကြီးသည် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ Cupid Trading Co., Ltd. ၏ ပရိဘောဂအလုပ်ရုံသို့ရောက်ရှိ၍ စက်ရုံအတွင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ အဆိုပါ ပရိဘောဂအလုပ်ရုံမှထွက်ရှိသော အိမ်သုံးနှင့်ဥယျာဉ်သုံးပရိဘောဂ ပစ္စည်းများကို မလေးရှားနိုင်ငံသို့တင်ပို့လျက်ရှိသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် TKK International Ltd. ၏ သစ်အခြေခံစက်မှုအလုပ်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း သစ်လုံးမှခွဲသားများ ထုတ်လုပ်မှု အဆင့်ဆင့်ကို လည်းကောင်း၊ ပြည်ပပို့ရန် ထုပ်ပိုးနေသည့်လုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** တင်ပြချက်များအပေါ် လိုအပ်သည်များ ဆောင်ရွက်ပေးသည်။ အဆိုပါစက်ရုံမှ ထွက်ရှိသော ပစ္စည်းများကို စင်ကာပူ၊ အီတလီနှင့်ပြင်သစ်နိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

**စီစဉ်ဆောင်ရွက်**

ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ သစ်အရောင်းဆိုင်သို့ရောက်ရှိပြီး အမှန်အသုံးပြုသည့် ပြည်သူများလွယ်ကူစွာ ဝယ်ယူရရှိရေး၊ သစ်ခွဲသားများ မပြတ်လပ်ရေး လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် အောက်တိုဘာ ၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသည့် ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် စီးပွား/ကူးသန်းအသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် ဆောက်လုပ်ရေးအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(သတင်းစဉ်)**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက်ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများ စတင်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

၂၀၀၄ ခုနှစ် အကြိမ်(၂၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသည့်ဘောလုံးကွင်းများ၌ စတင်ကျင်းပသည်။

**အနိုင်ရရှိ**

ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားကွင်း(မင်္ဂလာဒုံ)၌ ကျင်းပသောပြိုင်ပွဲတွင် (ကက)အုပ်စုမှ တပ်မတော်(လေ)အသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ တပ်မတော်(လေ)အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စမ်းချောင်းမြို့နယ် ပဒုမ္မာဘောလုံးကွင်း၌ကျင်းပသောပြိုင်ပွဲတွင် (ကက) အုပ်စုမှ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက ကိုးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## လှိုင်မြို့နယ် အထွေထွေစီးပွားရေးသမဝါယမအသင်းစု စည်းဝေး

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်တိုင်း လှိုင်မြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစု၏ ၂၀၀၃–၂၀၀၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ဒါရိုက်တာများ ရွေးချယ်ပွဲကို အောက်တိုဘာ ၂ ရက်က လှိုင်မြို့နယ် သမဦးစီးဌာနတွင် ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မြို့နယ်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးစိန်လှိုင်က ဆောင်ရွက်ပြီး ရန်ကုန်တိုင်းသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်း **(အပေါ်ပုံ)**နှင့် ရန်ကုန်တိုင်းအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းစုမှ ဒုတိယဗိုလ်မှူးကြီးရဲအောင်(ငြိမ်း) တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းအား ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ဆွေကလည်းကောင်း၊ စာရင်းစစ်အစီရင်ခံစာကို အသင်းစာရင်းစစ် ဦးစိန်သောင်းတို့က ရှင်းလင်းတင်ပြသည်။ **(က–ပ)**

## အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် တပ်မမှူးတံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်

**ရန်ကုန် အောက်တိုဘာ ၄**

အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် တပ်မမှူးတံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို အောက်တိုဘာ၃ရက် မွန်းလွဲပိုင်းတွင် တပ်မဌာနချုပ်ခန်းမ၌ကျင်းပရာ တပ်မမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ လက်ဝှေ့ပြိုင်ပွဲယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

**ပါဝင်ယှဉ်ပြိုင်**

အဆိုပါပြိုင်ပွဲတွင် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းမှ ပြိုင်ပွဲဝင် အားကစားသမား ၈၈ ဦး ပါဝင်ယှဉ်ပြိုင်၍ ပြိုင်ပွဲကို အောက်တိုဘာ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

၂၀၀၄ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် မိတ္ထီလာမြို့ မြေပြင်အတတ်သင်လေတပ်စခန်း အားကစားကွင်း၌ ကျင်းပရာ လေကြောင်းအတတ်သင်လေတပ်စခန်းနှင့် မြေပြင်အတတ်သင်လေတပ်စခန်းတို့မှ လေတပ်စခန်းမှူး၊ အုပ်မှူး၊ တပ်မှူးများ၊ အရာရှိစစ်သည်မိသားစုဝင်များ၊ ပြိုင်ပွဲဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

**ဆုချီးမြှင့်**

အခမ်းအနားတွင် ပြိုင်ပွဲတစ်ဦးချင်းနှင့် အသင်းလိုက်ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲ ပထမဆုရမြေပြင်အတတ်သင်လေတပ်စခန်းအသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မြေပြင်အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်းက တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၄**

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ၂၀၀၄ ခုနှစ်အတွက် (၁၅)ကြိမ်မြောက် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

ယခုနှစ်တွင် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ကျင်းပပေးမည့် ပြိုင်ပွဲများမှာ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့်၊ တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်လေးရပ်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေကန့်သတ်ချက်များမှာ ပြိုင်ပွဲဝင်ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀ မှ ၈၀၀၀ အတွင်းပါရှိရမည်။ ပြိုင်ပွဲဝင်ဆောင်းပါးသည် စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းပါရှိရမည်။ ပြိုင်ပွဲဝင် ကဗျာသည် စာလုံးရေ ၃၀၀ မှ ၉၀၀ အတွင်းပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ခေါင်းစဉ်မှာ **“ဖွံ့ဖြိုးဝေစည် မြန်မာပြည်”** ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲဝင်လိုသူများသည် စာမူနှစ်စောင်နှင့် ကိုယ်တိုင်ရေးသားကြောင်းဝန်ခံချက် တစ်စောင်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းတို့နှင့်အတူ ဦးကိုကိုထွေး အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ပေးပို့ရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ဦးထွန်းမင်း တွဲဖက်အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဆုများကို ထိုက်ထိုက်တန်တန်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## g-GIS ရှင်းလင်းသရုပ်ပြပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

MCC-Mastech ကုမ္ပဏီလီမိတက်နှင့် ESRI (Thailand ) Co., Ltd. တို့ပူးပေါင်းစီစဉ်သော g-GIS (Geographic Information System Portal for Government) ရှင်းလင်းသရုပ်ပြပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park)၌ ကျင်းပသည်။

ရှေးဦးစွာ e-National Task Force ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ MCC- Mastech Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးတင်ဝင်းအောင်က g-GIS ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ESRI (Thailand) Co., Ltd. မှ ဒါရိုက်တာ Mr. Soottipong Winyoopradist နှင့် The Business Development မှ မန်နေဂျာ Ms. Thanaporn Thitisawat တို့က GIS Web Portal အကြောင်းကို သရုပ်ပြရှင်းလင်းပြသကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## မုန်တိုင်းငယ်ဖြတ်ကျော်နိုင်

ရန်ကုန် အောက်တိုဘာ ၄

**ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဗီဇာကာပတ္တနမ်မြို့၏ မြောက်ဘက်မိုင် ၅၀ ခန့်အကွာမှ ကမ်းခြေကို ဖြတ်ကျော်နေပြီး ယင်းမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်ဆီသို့ ဆက်လက်ရွေ့လျားကာ နောက် ခြောက်နာရီအတွင်း ကမ်းခြေကို လုံးဝဖြတ်ကျော်မည်ဟု ခန့်မှန်းရကြောင်းဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ကြေညာသည်။**

(သတင်းစဉ်)

## ထစ်ချုန်းမိုး

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

# မြန်မာ့ရိုးရာဓလေ့ သရုပ်ဖော်ဗီဒီယိုကားများ ဖြန့်ချိပြသ

**မောင်ဆွေထွန်း**

**ရန်ကုန် အောက်တိုဘာ ၄**

အောက်တိုဘာ ၃ ရက်မှစ၍ မြန်မာဗီဒီယိုဇာတ်ကား ၁၅ ကား ဖြန့်ချိပြသခွင့်ရရှိရာ မြန်မာ့ရိုးရာဓလေ့ကို သရုပ်ဖော်သော ဇာတ်ကားများနှင့် အငြိမ့်ဇာတ်ကားများ ဖြန့်ချိပြသနိုင်သည်ကို တွေ့ရသည်။

စိန်ငွေးဗီဒီယိုမှ ဒါရိုက်တာ ကျော်ဇောလင်းရိုက်ကူး၍ လွင်မိုး၊ နန္ဒာလှိုင်တို့ပါဝင်သော **"ပျော်ပျော်ရွှင်ရွှင်"** ဇာတ်ကား။ မဏိရွှေစင်ဗီဒီယိုမှ ဒါရိုက်တာမောင်နီလွင် ရိုက်ကူး၍ ဝေဠုကျော်၊ ဟန်ဇာမိုးဝင်း၊ ပုလဲဝင်းနှင့် ဆုရွှန်းလဲ့တို့ပါဝင်သော **"နှလုံးသားမြို့ရိုးအဝင်"** ဇာတ်ကား။ ကျော်ကျော်ဦး ဗီဒီယိုမှ ဒါရိုက်တာ ဗိုဝမ်းရိုက်ကူး၍ ကျော်ဝင်းထွဋ်၊ ကျော်ဇောဟိန်းနှင့် အင်ကြင်းခိုင်တို့ပါဝင်သော **"ပစ်မှတ်ကိုယ်စီ"** ဇာတ်ကား။ မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ ဟိန်းစိုးရိုက်ကူး၍ လူမင်း၊ နန္ဒာလှိုင် တို့ပါဝင်သော **"အချစ်သစ်ရှာဖွေခြင်း"** ဇာတ်ကား။ ဖိုးလပြည့် ဗီဒီယိုမှ ဒါရိုက်တာ အောင်သူမြင့်စိုး ရိုက်ကူး၍ ကျော်သူ၊ ခိုင်နှင်းဝေနှင့် ဇော်ဦးတို့ပါဝင်သော **"ပတ္တမြားမိုး"** ဇာတ်ကား။ တက်လမ်းဗီဒီယိုမှ ဒါရိုက်တာ မဟာရိုက်ကူး၍ စိုင်းသီဟ၊ နေရဲလင်းတို့ ပါဝင်သော **"စနေသားနေတက်ဖွား"** ဇာတ်ကား။ ရူပါနိုင်း ဗီဒီယိုမှ ဒါရိုက်တာ စိန်လင်းရိုက်ကူး၍ ခိုင်သဇင်သင်း၊ ကုသိုလ်၊ ဇေရာနှင့် ခင်လှိုင်တို့ပါဝင်သော **"ပုလဲရွှေစင်အငြိမ့်"** ဇာတ်ကား။ ငွေအိမ်စံဗီဒီယိုမှ ဒါရိုက်တာ မျိုးဇော်အောင်ရိုက်ကူး၍ ဥက္ကာမင်းမောင်၊ မင်းသစ္စာနှင့် အလင်္ကာတို့ပါဝင်သော **"သစ်မင်းရဲ့ကျေးတမာ"** ဇာတ်ကား။ ကောင်းသစ္စာ ဗီဒီယိုမှ ဒါရိုက်တာမောင်ပြည့်ဝ ရိုက်ကူး၍ ဖြိုးငွေစိုး၊ မျိုးစန္ဒီကျော် တို့ပါဝင်သော **"အပြာရောင်ရင်ပြင်ကိုသက်သေတည်"** ဇာတ်ကား။ ရွှေငယ် ဗီဒီယိုမှ ဒါရိုက်တာ မောင်ဗေဒါ ရိုက်ကူး၍ ဇာနည်၊ အိန္ဒြာကျော်ဇင်နှင့် စိုးမိုးကြည်တို့ပါဝင်သော **"သား"** ဇာတ်ကား။ အောင်ဗီဒီယိုမှ ဒါရိုက်တာအောင်ဆွေဆယ်လ်ရိုက်ကူး၍ ရဲမင်းပိုင်၊ ဝေဇင်ဖြူ တို့ပါဝင်သော **"မေ့မရ"** ဇာတ်ကား။ ကြောင်ကမ္ဘာ ဗီဒီယိုမှ ဇမ္ဗူထွန်းသက်လွင် ရိုက်ကူး၍ နေမျိုးအောင်၊ လှအဥ္ဇလီတင့်တို့ ပါဝင်သော **"ဒီနှောင်ကြိုး"** ဇာတ်ကား။ ဟေမန်ဦး ဗီဒီယိုမှ ဒါရိုက်တာ ဂေါ်ဇီလာရိုက်ကူး၍ မေသန်းနု၊ ဇေရာနှင့် ကျော်ထူးတို့ ပါဝင်သော **"မဆင့်တို့အငြိမ့် (၄)"** ဇာတ်ကား။ ငွေစံအိမ်ဗီဒီယိုမှဒါရိုက်တာ မောင်နီလွင်ရိုက်ကူး၍ ရန်အောင်၊ သတ္တိနှင့် ဆောင်းအိန္ဒြေထွန်းတို့ပါဝင်သော **"ပန်းစက်ဝိုင်း"** ဇာတ်ကား။ ကျော်ကျော်ဦး ဗီဒီယိုမှ ဒါရိုက်တာ တင်ဝင်းလှိုင် (ဓာတ်ပုံ) ရိုက်ကူး၍ နေလင်းဦး၊ ညီညီမင်းထက်နှင့် မေသကြိန်တို့ ပါဝင်သော **"ရန်သူမဟုတ်တဲ့ရန်သူ"** ဇာတ်ကားများ ဖြန့်ချိ ပြသကြမည် ဖြစ်သည်။ ။

(မြန်မာ့အလင်း)



**ဒီနှောင်ကြိုး ဇာတ် ကား မှ နေမျိုးအောင် နှင့် လှအဥ္ဇလီ တင့် တို့ ၏ အမူအရာ။**



**ရွှေဇီးကွက် ဗီဒီယိုမှ ဒါရိုက်တာ ခင်စောမျိုး၏ ပြည်ကြီးမဏ္ဍိုင်မြကြီး ဇာတ်ကားမှ ကျော်သူ၊ ပွင့်နဒီမောင်တို့၏ သရုပ်ဆောင်ဟန်။**

## ပြည်ကြီးမဏ္ဍိုင်မြကြီးနှင့် စကၠူမှဲ့ဓားသမား အပြိုင်ရုံတင်

**ရန်ကုန် အောက်တိုဘာ ၄**

အောက်တိုဘာ ပထမပတ်တွင် နယ်ချဲ့ခေတ်က မြန်မာ့ဓလေ့စရိုက်များနှင့် မြန်မာ့ဓား၊ မြန်မာ့အားကို သရုပ်ဖော်သည့် အဆင့်မြင့် ဗီဒီယိုဇာတ်ကားနှစ်ကား ရုံတင်ပြသနိုင်သည်ကို တွေ့ရသည်။

ရွှေဇီးကွက် ဗီဒီယိုထုတ်လုပ်ရေးမှ မင်းသိင်္ခ၏ဝတ္ထုကို ဒါရိုက်တာ ခင်စောမျိုးရိုက်ကူးပြီး ကျော်သူ၊ ဇာဂနာ၊ ဇော်ဦး၊ ခိုင်နှင်းဝေနှင့် ပွင့်နဒီမောင်တို့ ပါဝင်သရုပ်ဆောင်ထားသည့် **"ပြည်ကြီးမဏ္ဍိုင်မြကြီး"** ဇာတ်ကားမှာ နယ်ချဲ့ခေတ် လူနေမှုစနစ်များအကြား မြန်မာလူမျိုးတို့၏ ရိုးသားကြံ့ခိုင်သော စိတ်ဓာတ်ကို သရုပ်ဖော်ထားသည်။ ထိုဇာတ်ကားမှာ အောက်တိုဘာ ၈ ရက်တွင် ရွှေဗဟို၊ ဧရာဝတီ၊ မဟာမြိုင်ရုံများတွင် တင်ဆက်ပြသမည် ဖြစ်သည်။

အလားတူပင် သူ့ကျွန်မခံစိတ်ဓာတ်ဖြင့် နယ်ချဲ့သမားများကိုဆန့်ကျင်ပြီး ဓားရေးပြခဲ့သော **"စကၠူမှဲ့ဓားသမား စနေသား"** အဆင့်မြင့် ဗီဒီယိုဇာတ်ကား နဝဒေးနှင့် မြို့ပတ်ရုံများတွင် ရုံတင်လာသည်ကိုတွေ့ရသည်။

ထိုဇာတ်ကားကို သတိုးစောကရိုက်ကူး၍ သတိုးစော၊ အောင်ဇော်၊ မင်းသစ်၊ မြသင်းခြယ်နှင့် ရွှန်းလဲ့ဦး တို့ပါဝင်သရုပ်ဆောင်ထားကြသည်။

(မြန်မာ့အလင်း)

**စက်တင်ဘာ ၁၂ရက်က လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမက်အာသာ၊ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်စိုးနှင့် ရုံးအဖွဲ့ဝန်ထမ်းများ အဖွဲ့ပိုင်ပျိုးဥယျာဉ် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)




## ကွမ်းခြံကုန်းမြို့ နာရေးကူညီမှုအသင်းသို့ ငွေလှူဒါန်း

**ကွမ်းခြံကုန်း အောက်တိုဘာ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့ နာရေးကူညီမှုအသင်းသို့ အလှူရှင် ဦးထွန်းထွန်း- ဒေါ်သန်းသန်းထွေး(သား)မောင်သက်လင်းထွန်း(လှဆန်းကြွယ်ရွှေဆိုင်)မိသားစုက အလှူငွေကျပ်တစ်သိန်းကို စက်တင်ဘာ ၁၈ ရက်က လှူဒါန်းရာ နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့်အဖွဲ့က လက်ခံရယူသည်။ **(ယာပုံ)**

ကွမ်းခြံကုန်းမြို့ နာရေးကူညီမှု အသင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် စက်တင်ဘာ ၇ ရက်က ဖွဲ့စည်းခဲ့သည်။

စေတနာရှင်အလှူရှင်များ အနေဖြင့် ဆက်သွယ် လှူဒါန်းလိုပါက ကွမ်းခြံကုန်းမြို့တွင် ဦးသန်းထွန်း ၃၈၁၇၉၉(Ext)၂၁၁၈၊ ဦးချိုထွန်း ၃၈၁၇၉၉(Ext)၂၂၅၆၊ ဦးစန်းရွှေ ၃၈၁၇၉၉(Ext)၂၁၆၈ နှင့် ရန်ကုန်မြို့တွင် ဦးစိုးညွန့် ၅၄၁၆၈၆၊ ၂၂၄၅၈၀၊ ဦးကျော်ခိုင် ၂၄၆၁၄၀နှင့် ဦးကြိုင်မြင့် ၂၉၅၉၈၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



## ဖူးသစ်ဝေ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရွှေဘိုမြို့နယ် ကံကြီးတောကျေးရွာအုပ်စု၌ဖွင့်

**ရွှေဘို စက်တင်ဘာ ၁၈**

ရွှေဘိုမြို့နယ် ကံကြီးတော ကျေးရွာအုပ်စု ငါးပိအိုးကျေးရွာ 'ဖူးသစ်ဝေ' ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၈ရက် မွန်းလွဲ ၁နာရီက အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဒုတိယ ဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်နှင့် ရပ်ကွက်ဥက္ကဋ္ဌဦးရာမန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများက စာကြည့်တိုက်ရှိ စာအုပ် စာစောင်များကို လေ့လာဖတ်ရှုကြသည်။

အလားတူပင် ကံကြီးတော ကျေးရွာတွင် 'ဖူးပွင့်' ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**



## သင်တန်းပို့ချ

**စက်တင်ဘာ ၁၆ ရက်က တောင်တွင်းကြီးမြို့နယ်တွင် တွင်းတိမ်နှင့် တွင်းနက်များ တူးဖော်ထားသည့် ကျေးရွာများမှ တာဝန်ရှိသူများအား မြို့နယ်စည်ပင်သာယာ လက်ထောက် အင်ဂျင်နီယာ ဦးရဲနိုင်ထွန်းက လက်နှိပ်တုံကင်ပန့်နှင့် စက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းရေး သင်တန်းပို့ချစဉ်။**

(မြို့နယ်စည်ပင်)



**ကြာအင်းဆိပ်ကြီးမြို့နယ်စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်သော အဖွဲ့ပိုင် ပျိုးဥယျာဉ် အတွင်း အရိပ်ရပင်နှင့်ပန်းအလှပင်များ ပျိုးထုပ်ခြင်းလုပ်ငန်းကို စက် တင် ဘာ ၂၄ ရက်က အမှုဆောင်အရာရှိ ဦးစံလွင်အေး ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

**တာမိုးညဲမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကအမှတ်(၆)ရပ်ကွက် ပတ်လမ်းအရှည်ပေ ၂၆၅၈၊အကျယ် ၁၂ ပေရှိ အမာခံကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသင်းအောင်က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



# ဒွါဒသမအကြိမ်(၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

- ❒ မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရေး။
- ❒ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❒ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
- ❒ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
- ❒ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။
- ❒ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။



## ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ကျိုက္ခမီ အောက်တိုဘာ ၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် ပွဲတော်ကျင်းပရေးလုပ်ငန်း ကော်မတီတို့ ပူးပေါင်း၍ ကျိုက္ခမီ ဆုတောင်းပြည့် ရေလယ်ဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော်ကို အောက်တိုဘာ ၂၇ရက်မှ နိုဝင်ဘာ ၂ရက်အထိ ကျင်းပ မည်ဖြစ်သည်။ **(အပေါ်ပုံ)**

ဘုရားပွဲတော်ရက်များတွင် ဘုရား ရင်ပြင်တော် သန့်ရှင်းရေး၊ အဘိဓမ္မာ အခါတော်နေ့များကျင်းပရေးအတွက် သံဖြူ ဇရပ်မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ ကျိုက္ခမီ ရဲတပ်ဖွဲ့ ရဲစခန်းမှူးရဲအုပ် ဝင်းထွဋ်၊ ဘဏ္ဍာထိန်းဥက္ကဋ္ဌ ဦးချမ်းစိန်၊ အတွင်းရေးမှူးဦးလှကြည်တို့ဦးဆောင် ကြီးကြပ်သော ပွဲတော်ကျင်းပရေး ကော်မတီများဖွဲ့စည်း တာဝန်ပေးအပ်သည်။

ကျိုက္ခမီရေလယ်ဘုရားနှင့် စက်စဲ ကမ်းခြေတို့သို့ ရောက်ရှိလာမည့် အနယ်နယ်အရပ်ရပ်မှ ဧည့်သည်များ တည်းခိုနိုင်ရေး၊ ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းများ၊ လုံခြုံချောမွေ့ရေး၊ မှတ်တမ်းတင် ဓာတ်ပုံဆိုင်ခန်းများ၊ အရောင်းဆိုင်ခန်းများ နေရာချထားရေး နှင့် ဘုရားဖူးများ နေ့ညသွားလာနိုင်ရေး အတွက် ပွဲတော်ကျင်းပရေးကော်မတီ က ပြင်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။ **(၁၆၈)**

## နယ်လှည့်စာကြည့်တိုက်ဖွင့်၊ ဟောပြောပွဲကျင်းပ

**စလင်း စက်တင်ဘာ ၂၅**

စလင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် နယ်လှည့်စာကြည့်တိုက် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ရက်က ကူဖြူကျေးရွာတွင်ကျင်းပသည်။ အခမ်းအနားတွင် ပြပွဲကို မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်စိုးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင်(၁) ဒုတိယ ရဲမှူးချစ်ဆွေနှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးမှူး ဦးမြင့်မောင်တို့က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို ဟောပြော ကြသည်။ အလားတူ အခမ်းအနားများကို ကူတိုကျေးရွာ၊ လက်မဲကျေးရွာတို့ တွင်လည်း ပြုလုပ်ခဲ့ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

**စက်တင်ဘာ ၁၇ ရက်က မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဗိုလ် ချုပ် လမ်း အ ပိုင်း ပြင်ဆင်မှုအား မြဝတီ ခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မြင့်ဦး ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင် အရာရှိ ဦးခင်မောင်သန်း နှင့် တာဝန်ခံ အင်ဂျင် နီယာ ဦးစတင့်ဝေတို့က လုပ်ငန်း ဆောင်ရွက်မှု ရှင်းလင်းတင်ပြကြစဉ်။**
(မြို့နယ်စည်ပင်)



## တက်နေဝန်းစာကြည့်တိုက် စဉ့်ကိုင်မြို့နယ်တွင်ဖွင့်လှစ်

**စဉ့်ကိုင် စက်တင်ဘာ ၂၃**

စဉ့်ကိုင်မြို့နယ် စွန်ရဲရွာသစ်စံပြ ကျေးရွာ တက်နေဝန်း ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်း အနားကို စက်တင်ဘာ ၁၀ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသန်း အောင်တို့က စာကြည့်တိုက်ကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက ကိုယ့်အားကိုယ် ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းနှင့် နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ရ ခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြော ကြားပြီး စာအုပ်၊စာစောင်များ ပေးအပ် လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

### စိစစ်ရေးကတ်ပေးအပ်

**ကချင်ပြည်နယ် ဗန်း မော်မြို့နယ် နယ်မြေခံ တပ်ရင်းတွင် စက်တင် ဘာ ၁၇ရက်က နိုင်ငံသား စိစစ်ရေး ကတ်ပြားများ ကို မြို့နယ် ဦးစီးအရာရှိ ဦးသန့်ဇင်က ဒုတိယ ဗိုလ်မှူးကြီးအောင်သူဦး ထံ ပေးအပ်စဉ်။**
(မြို့နယ် လဝက)



## အမြို့မြို့ အနယ်နယ် သတင်းများ

## ကသာမြို့နယ် ကျေးရွာစာကြည့်တိုက်များအတွက် ဒုတိယအကြိမ် စာအုပ်များပေးအပ်လှူဒါန်း

**ကသာ အောက်တိုဘာ ၂**

ကသာမြို့နယ်ရှိစာကြည့်တိုက်များသို့ ဒုတိယအကြိမ် စာအုပ်များ ပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို ကသာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၃၀ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အဖွဲ့ဝင်ရဲမှူးအောင်ခန့်က အမှာစကားပြော ကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဌေးဌေးသက်တို့က စာကြည့်တိုက် ဖွင့်လှစ်ပြီးမှု အခြေအနေနှင့် ရုံးချုပ်မှ စာအုပ်များ ပေးပို့လှူဒါန်းသည့်အခြေအနေများ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှရရှိသော စာအုပ်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသော စာအုပ် စုစုပေါင်း ၁၁၆၉ အုပ်ကို ကျေးရွာများသို့ ပေးအပ်လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**



### ကြီးကြပ်

**ကို့ပင်ကောက်မြို့ ဘူတာလမ်းနေ ပြည်သူ များစုပေါင်း၍ ကိုယ့်အား ကိုယ်ကိုး ပလက်ဖောင်း ကပ်တုံးများ ဆောင်ရွက် မှုကို အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် ရပ်မိ ရပ်ဖများ ကြီးကြပ် ဆောင်ရွက်ကြစဉ်။**
(၀၄၀)

## သင်ထောက်ကူပစ္စည်း ပေးအပ်လှူဒါန်း

**ပဲခူး စက်တင်ဘာ ၂၈**

ပဲခူးမြို့ ထုံးကြီးစံပြကျေးရွာအခြေခံ ပညာ အထက်တန်းကျောင်း(ခွဲ)သို့ ပညာသင်ကြားမှုအထောက်အကူပစ္စည်း များပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ ရက်က ကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးမြို့နေ ဦးပြည်စေ-ဒေါ်လှဲ့လှဲ့၊ သမီး မကုမုဒြာ တို့က ကျပ်တစ်သိန်း၊ ဦးချစ်လှိုင်- ဒေါ်တင်ညွှန့်၊ သား မောင်ချစ်လှ၊ မထွေးထွေးရီတို့က ဗွီစီဒီအောက်စက် တစ်လုံးနှင့်ကျပ်ငါးသောင်း၊ ရန်ကုန်မြို့ သာကေတမြို့နယ်နေ ဦးတင်ရွှေ- ဒေါ်မြကြည်၊ သမီးမမြင့်မြင့်စန်းတို့က ကျပ်တစ်သိန်းတို့အား ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သိန်းတို့က လက်ခံရယူကြ သည်။ **(ယာပုံ)** **(၂၄၀)**



## ကျေးရွာတိုင်းတွင် စာကြည့်တိုက်ဖွင့်ရေး ညှိနှိုင်းစည်းဝေး

**ဟိုပင် စက်တင်ဘာ ၁၆**

ဟိုပင်မြို့နယ်အတွင်းရှိ ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ၉ရက် နံနက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ကျော်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတင်တို့က ကျေးရွာပြည်သူများ အသိပညာ ဗဟုသုတတိုးပွားစေရန်နှင့် စာဖတ်သူတိုင်း စာဖတ်နိုင်ရန် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး ဆွေးနွေးပြောကြားကြ သည်။ **(မြို့နယ် ပြန်/ဆက်)**

## ဗိုလ်မှူးကြီးတင်မောင် (အငြိမ်းစား)
### ဒုတိယဝန်ကြီး (အငြိမ်းစား)
### ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
### အသက်(၈၃)နှစ်

ရေစကြိုမြို့နယ်၊ ပခန်းကြီးကျေးရွာနေ(ဦးဆက်-ဒေါ်စောမြင့်)တို့၏သား၊ မန္တလေးမြို့နေ (ဒေါက်တာရန်း-ဒေါ်ဒေါင်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ၆၅(က)၊ ဗဟိုလမ်း၊ ၃(ခ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်ကြည်၏ခင်ပွန်း၊ ဦးမင်းလွင်(Suntac Co.,Ltd.)-ဒေါ်စန်းစန်းမြင့်၊ ဦးကျော်ဆန်း-ဒေါ်စန်းစန်းညွန့်၊ ဦးတင်ဝင်းအောင်၊ ဦးတင်ဝင်းဇော်(M.V Blue Dream)-ဒေါ်ခက်ခက်အောင်၊ ဦးညိုထွန်း-ဒေါ်ဇာခြည်၊ မခင်နှင်းသွယ် (မကုမုဒဘဏ်)၊ ကိုကျော်သူရ-မသစ်သစ်စိုး၊ ကိုစိုးမင်း(Suntac Co.,Ltd.)-မသင်းသင်းတို့၏ဖခင်၊ မြေး ၁၂ ယောက်တို့၏ဘိုးဘိုးကြီးသည် ၃-၁၀-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ် ၆၅(က)၊ ဗဟိုလမ်း၊ ၃(ခ)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

## ရဟန်း၊ ဇရပ်၊ တန်ဆောင်း ဒါယကာကြီး
### ဦးထွန်းကျော် (တပ်တောင်၊အမ်းမြို့)
### အသက်(၆၇)နှစ်

အမ်းမြို့နယ်၊ တပ်တောင်ရွာနေ (ဦးလူဆန်း-ဒေါ်မိရွှေအုံ)တို့၏သား၊ ဦးထွန်းပေါ်၏ညီ၊ (ဒေါ်စောယဉ်ဦး၊ ဒေါ်စောပုမ၊ ဒေါ်မဲကြည်၊ ဒေါ်စိုးချစ်၊ ဒေါ်အညို)၊ ဒေါ်ရွှေမြိုင်တို့၏မောင်၊ ဒေါ်ဖိုင်းနုချေ၏ခင်ပွန်း၊ ရွှေပြည်သာမြို့သစ်၊ မန္တလေးကျောင်းတိုက်နေ ဦးသုစိတ္တ၏ခမည်းတော်၊ ရန်ကုန်မြို့၊ အမှတ်၄၀၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ ဒေါ်ခင်မျိုးချစ်-ဦးကျော်လှ (အမ်းရိုးမ)၊ မမျိုးချစ်သန်း-ကိုမြင့်သန်း၊ ကိုလှရွှေ-မအေးမြသိန်း၊ ရန်ကုန်မြို့၊ အမှတ် ၅၀/၅၂၊ ဗန်ဒါကုန်း ၆ လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်နေ ကိုဝင်းရွှေ (ရွှေပန်းထိမ်)-မခင်ခင်ကြူ၊ ကိုဇော်နိုင်လင်း-မအုန်းမြိုင်၊ ကိုဇော်မျိုး(ခေတ္တ-ဂျပန်)၊ ကိုဇော်လင်းထွန်း(ဒုတိယနှစ်၊ စိတ်ပညာ၊စစ်တွေတက္ကသိုလ်)တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၃-၁၀-၂၀၀၄ရက် ည ၇း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အမှတ် ၄၀၊ ၃၁လမ်း နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးကျင်သောင်း
### အသက်(၅၀)

ပဲခူးတိုင်း၊ ပဲနွယ်ကုန်းမြို့နယ်၊ ဘူတာရုံလမ်းနေ(ဦးညို-ဒေါ်သောင်း)တို့၏သားထွေး၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်း၊ကြီးပွားရေးမြောက်ပိုင်း၊အနော်ရထာ ၃ လမ်း၊ အမှတ် ၁၅၅/ခ နေ ဦးမြတ်စိုး-ဒေါ်အုန်းရင်တို့၏ သားသမက်၊ ဒေါ်ငွေငွေစိုး(မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန)၏ခင်ပွန်း၊ မသီတာစိုး၊ မောင်မြတ်ဇင်သောင်းတို့၏ဖခင်သည် ၃-၁၀-၂၀၀၄ရက် ညနေ ၄း၅၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၅-၁၀-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## မောင်ဖြိုးနိုင်ဦး(ခ)ဖြိုးကြီး (မုဒုံမြို့)
### နောက်ဆုံးနှစ် (ကုန်ထုတ်ဓာတုဗေဒ) ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်
### အသက်(၂၀)

မုဒုံမြို့နယ်၊ မြို့မ ၁၊ ဝင်းကပိုရပ်၊ သီတာလမ်း၊ အမှတ် ၄၀ နေ ဦးထွန်းအင်-ဒေါ်ရင်ကြွေ၊ ဦးသိန်းရွှေ-ဒေါ်မြင့်သိန်းတို့၏မြေး၊ ဦးနိုင်ဝင်း-ဒေါ်အေးအေးမြင့်တို့၏သားကြီး၊ မောင်ကျော်ဖြိုးနိုင်၊ မောင်ပြည့်ဖြိုးနိုင်၊ မောင်အောင်ဖြိုးနိုင်တို့၏အစ်ကိုကြီးသည် ၂-၁၀-၂၀၀၄ရက် (စနေနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် မုဒုံမြို့ ကန်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ရဟန်း၊ကျောင်းဒါယိကာမကြီး
### ဒေါ်အမာ (ပုဇွန်တောင်၊ တပ်မြေ)
### အသက်(၇၆)နှစ်

အမှတ် ၂၂၊ နွယ်နီလမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးခြည်ဂတောက်-ဒေါ်လှမေ)တို့၏သမီး၊ (ဦးဒေးဗစ်၊ တပ်မတော်၊ အငြိမ်းစား)၏ဇနီး၊ ဦးဝင်းထိန်(ဆ/မ ဘဏ်၊ လမ်းမတော်)၊ ဒေါ်ဝင်းကြည်-ဦးမြင့်ဆွေ၊ ဦးစိုးဝင်း(စက်မှု-၁၊ ဝန်ကြီးဌာန)၊ ဦးသိန်းလူ(ကပရ၊စက်ပြင်၊အဝေးပြေး)၊ မနုယဉ်ထွေး (ဗိုလ်တထောင် သ/မဦးစီး)၊ (မောင်ကြည်ဝင်း)၊ မောင်ကျော်ဇင်တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၄-၁၀-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၁၀-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးကျော်ကျော်ဝင်း(ခ)
### ကျော်ကျော်မျိုး(ခ)စံကြေး
### (ဗီဒီယိုမှတ်တမ်းနှင့်တွဲဖက်ဒါရိုက်တာ)
### အသက်(၄၀)

ရန်ကုန်မြို့၊ မြေနီကုန်း၊ တောင်ရပ်ကွက်၊ မြေနီခြံ ဦးဝိစာရလမ်းသွယ်၊ ၁၀၄/၃(ငါးလွှာ)နေ ဒါရိုက်တာဦးမြတ်သူ(ခ)ဦးနက်တူး (အေဝမ်း)-ဒေါ်အေးအေးမြင့်တို့၏သားကြီး၊ ကိုတင့်ဆွေဝင်း၊ ဒါရိုက်တာကိုမျိုးထူး၊မောင်ကောင်းမြတ်သူတို့၏အစ်ကိုကြီး၊ မမေဖူးလဲ့ကျော်၊ မောင်မင်းသန့်ဇင်ကျော်၏ ဖခင်သည် ၃-၁၀-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၆း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၀၄ ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ရဟန်းဒါယကာကြီး
### ဦးခင်အောင်
### (မြို့တော်စည်ပင်၊ အခွန်ဌာန)
### အသက်(၅၁)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ အမှတ် ၅၂၀၊ ၇ ဈေးလမ်း၊ (၆)ရပ်ကွက်နေ (ဦးထွန်းအုံ)-ဒေါ်စိန်ရီတို့၏သား၊ (ဦးကြွယ်)-ဒေါ်အေးတို့၏သားသမက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊အမှတ်၃၀၃/ခ၊ အောင်သိဒ္ဓိ ၃ လမ်း၊ (၂၀)ရပ်ကွက်နေ ကိုထိန်လင်း-မလှမြင့်၊ ကိုဇော်ဝင်း-မရီရီငွေ၊ ကိုမင်းအောင်-မသန်းသန်းစိုး၊ ကိုမြင့်ဝင်း-မသန္တာဝင်း၊ ကိုမျိုးသန်းတို့၏အစ်ကို၊ မောင်လွင်ကိုကိုအောင်-မနှင်းမမဖြူ၊ မောင်မောင်လွင်-မနီလာအောင်၊ မောင်ချမ်းပိုင်တို့၏ဖခင်၊ မေသူငြိမ်းချမ်း၏အဘိုး၊ ဒေါ်နုနုဝင်း၏ခင်ပွန်းသည် ၃-၁၀-၂၀၀၄ရက် (တနင်္ဂနွေနေ့)ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁၀-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ဒဂုံတောင် နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ဦးအောင်ကျော်ဦး
### အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ကျိုက္ကဆံလမ်း၊ အမှတ် ၄၅၁ နေ (ဦးတင်ရှိန်)-ဒေါ်ခင်ကြည်တို့၏သား၊ ဦးကျော်သိန်း-ဒေါ်ပုတို့၏သားသမက်၊ ဒေါ်တင်တင်လှ၏ခင်ပွန်း၊ မောင်မျိုးနိုင်-မအေးအေးအောင်၊ မောင်ပြည့်ဖြိုးအောင်၊ မောင်ဇော်ရဲအောင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၃-၁၀-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၄း၅၀နာရီတွင်ရွှေဗဟိုအထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးတိုက်စိုး (ဘုတလင်၊ မန်ကျည်းအုပ်)
### အသက်(၉၀)

စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ မန်ကျည်းအုပ်ကျေးရွာနေ(ဦးဘိုးသင်း-ဒေါ်မယ်ဘင်)တို့၏သား၊ မန္တလေးမြို့နေ (ဦးအောင်ကြည်)၊ ဒေါ်သန်းစိန်၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာနေ ဦးမြသောင်း၊ ဒေါ်တင်ရီ၊ တိုက်ကြီးမြို့နယ်၊ သရက်ချောင်းရွာနေ (ဦးသောင်းငွေ)၊ ဒေါ်အေးသန်း၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးအေးလွင်)၊ ဒေါ်ဝင်းကြည်(ကျောင်းအုပ်ဆရာမကြီး၊ အလက-၃၊ မင်္ဂလာဒုံ)၊ ဒေါ်စန်းရီ၊ (ဦးသန်းတင်)၊ ဒေါ်သန်းသန်းတို့၏ဖခင်၊ မြေး ၂၁ ယောက်၊ မြစ် ၃၄ ယောက်၊ တီနှစ်ယောက်တို့၏ဘိုးဘိုးကြီး၊ အမှတ် ၃၆၉၊ ၇လမ်း၊(၃/ခ) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ (ဒေါ်အေးရင်)၏ခင်ပွန်းသည် ၃-၁၀-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ရဟန်းအမကြီး
### ဒေါ်တင်တင် (ဈေးကလေး)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းအိမ်ရာ၊ တိုက် ၂၊ အခန်း ၂၀၆ နေ စက်ရှင်တရားသူကြီး(ဦးဖိုးဦး-ဒေါ်အေးသစ်)တို့၏သမီး၊ (ဦးလူခင်-ဒေါ်သိန်း)တို့၏သမီးချွေးမ၊ (ဦးကျော်မင်း)၏ဇနီး၊ ဦးမြဦး(MPPE၊ ပင်မခနိတော) ဒေါ်ခင်ရီ၊ ဦးအောင်စိုး(၄) (အကောက်ခွန်၊ နစက၊ မောင်တော)-ဒေါ်အေးမြင့်၊ ဦးမျိုးမင်း-ဒေါ်လှလှအေး၊ ဒေါ်ဒေစီကျော်မင်း(အထက-၁၊ ကြည့်မြင်တိုင်)တို့၏မိခင်၊(ကိုဇော်မင်းဦး) မထိုက်ထိုက်ဝင်း၊ကိုဇော်မင်းလတ်-မရွှေစင်၊ ကိုမျိုးဆွေ၊ မဂျူးဂျူး၊ ဗိုလ်လောင်းဇွဲသိမ့်အောင်(တပ်မတော်ဆေးတက္ကသိုလ်)၊ မောင်သွင်ထူး (အထက-၆၊ အလုံ)၊ မယဉ်စုဝင်း (ပထမနှစ်၊ ဥပဒေ)၊ မောင်မြတ်ထူးကျော်တို့၏အဘွား၊ မြစ်လေးယောက်တို့၏အဘွားသည် ၃-၁၀-၂၀၀၄ရက် နံနက် ၃း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယကာကြီး
### ဦးစိုးမြင့် (ရွှေလဝင်း ဘဲဥပွဲရုံပိုင်ရှင်)
### (သနပ်ပင်မြို့)
### အသက်(၇၁)နှစ်

ပဲခူးတိုင်း၊ သနပ်ပင်မြို့၊ ဈေးပိုင်းရပ်၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ် ၅၅၊ ရွှေလဝင်း ဘဲဥပွဲရုံနေ ဒေါ်သိန်းကြည်၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်သိန်း-ဦးသန်းထွဋ်၊ ဒေါ်သက်နိုင်-ဦးသန်းဝင်း၊ မခင်ငွေထွန်း(ခ)မချိုတူး၊ ဦးစိုးလွင်-မမိုးမိုးစိုးတို့၏ဖခင်၊ မသီတာစိုး၊ မရွှေရည်မွန်၊ မောင်စည်သူဝင်းထွဋ်တို့၏ဘိုးဘိုးသည် အထက်ပါနေအိမ်၌ ၃-၁၀-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁၀-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ သနပ်ပင်မြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်းဒါယကာကြီး
### ဦးစန်း
### (ရေကြည်၊ ဖောင်တော်သီ)
### အသက်(၇၅)နှစ်

ရေကြည်မြို့၊ ဈေးဟောင်းပိုင်းနေ (ဦးမောင်ထင်-ဒေါ်သိန်း)တို့၏ သား၊ ဖောင်တော်သီမြို့၊ ရွာသစ်ပိုင်းနေ (ဒေါ်စောတင့်)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးစိုးမြင့်-(ဒေါ်နှင်းကြည်)၊ ဦးတင်ဦး ဒေါ်စန်း(မျိုးသိမ်းပွဲရုံ)တို့၏ မောင်၊ဦးစန်းအောင်-ဒေါ်ထွေးစိန်၊ (ဦးစံမောင်)-ဒေါ်ရင်စီတို့၏အစ်ကို၊ ဦးအောင်ကျော်သာ-ဒေါ်တင်နု၊ ဦးဝင်းချစ်-ဒေါ်အေးအေးကြူ၊ ဦးဖုန်းအောင်(မီးရထား) ဒေါ်ငွေငွေကြည်၊ ဦးခင်မြိုင်-ဒေါ်စန်းစန်းဝင်း(အမေ့အိမ်စတိုး)၊ ဦးမြင့်ကို-ဒေါ်မြသက်မှူး၊ ဦးမြင့်ချို-ဒေါ်ထားထားအိ၊ဦးသန်းအေး(ခေတ္တ-မလေးရှား)တို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၄-၁၀-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် အမှတ် ၅၊ မေယုလမ်း၊ ဆရာစံတောင် (စံပြ)ရပ်ကွက် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးဆန်နီ
### (ကန်တော်ကလေး)
### အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၁၊ အထက်မန္တလေးလမ်း၊ လမ်းသွယ် ၂၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးအာသာတင်ထွန်း - ဒေါ်ဂျိုးစဖင်း)တို့၏သား၊ ဒေါ်စန်းစန်းမြင့်(ခ)မပွတ်စိပါး၏ခင်ပွန်း၊ ဦးကြည်ထွန်း၊ ဦးမြင့်သိန်း-ဒေါ်မူမူ၊ ဦးကြည်နီ(M.O.B)၊ ဦးကြည်ဝင်းတို့၏ညီ/မောင်၊မမိမိထွန်း၊ အဲဒဝင်ထွန်း-အေးသန္တာစိုး၊ ဦးဒေဗစ်ထွန်း-မသန်းသန်းဝေ၊ မမိုးမိထွန်း (M.O.B ဘဏ်)၊ မိုးမိလေး(M.E.B 2)တို့၏အစ်ကို၊ မောင်အောင်မင်းဦး၊ မဇင်မင်းထွေး၊ မဇင်မာထွေးတို့၏ဖခင်သည် ၄-၁၀-၂၀၀၄ရက် (တနင်္လာနေ့) နေ့လယ်တွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် ကွယ်လွန်သွားပါ၍ ၆-၁၀-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ဦးငွေတင် (မော်လမြိုင်)
### အသက်(၈၆)နှစ်

မန္တလေးမြို့နေ(ဦးဖိုးလွင်-ဒေါ်စိန်)တို့၏သား၊ (ဒေါ်လှရွှေ)၏ခင်ပွန်း၊ ဦးတင်ညွှန့်(ညွှန်မှူး၊ ငြိမ်း၊ အခွန်အယူခံခုံအဖွဲ့ရုံး)-(ဒေါ်လှလှ)၊ ဒေါ်အေးအေးကြူ၊ ဗိုလ်မှူးမြင့်သန်း-ဒေါ်သင်းသင်း (အလက-၂၊ မဟာအောင်မြေ)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၃-၁၀-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၄း၄၅နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၀၄ ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် တောင်မြင့်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
### ဒေါ်တင်ပု (ဟသ်ာတ)
### (ယခင် သိန်းမေတ္တာအပ်ချုပ်သင်တန်းကျောင်း)
### (ယခု သပြေဆေးခန်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၁၇၈ နေ (ဦးဘိုးမှိန်-ဒေါ်ကြိုင်)တို့၏သမီး၊ (ဦးကျော်သိန်း)၏ဇနီး၊ ဒေါ်ခင်ဝင်း၏မိခင်၊ (ဦးဘိုးပြန့်-ဒေါ်တင်နု)၊ ဦးထွန်းကြိုင်-(ဒေါ်အပိုင်)၊ ဦးစိန်လွင်-ဒေါ်သန်းရွှေတို့၏ အစ်မကြီးသည် ၄-၁၀-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၆-၁၀-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ကိုပြည်စိုး (အနောက်ရန်ကင်း)
### အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်တစ်ဖက်ကမ်း၊စက်ဆန်းကျေးရွာနေ(ဦးစိုးမောင်-ဒေါ်စိန်ညွန့်)၊ ကျိုက္ခမီမြို့နေ (ဦးထွန်းလွင်-ဒေါ်အေးမြင့်)တို့၏မြေး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၃၆၅၊ အခန်း ၁၈၊ အနောက်ရန်ကင်းနေ ဦးအုန်းရွှေ-ဒေါ်ဝင်းကြည်တို့၏ သား၊ မခင်သစ်လွင်၊ ကိုတင့်လွင်-မခင်ဆွေအေး၊ (မခင်နန်းမူ)၊ ကိုချစ်မောင်မောင်-မမာလာဝင်း(မော်ဘီ၊ ဆမ၊ ငွေစာရင်းဌာန)တို့၏ညီ/မောင်၊ မပပ၊ မနှောင်းနှောင်းစိုး (ရွှေဂုံတိုင်အထူးကုဆေးခန်း)တို့၏အစ်ကို၊ မောင်ဇော်ဇင်ဟိန်း၊ မောင်ဝေယံမောင်တို့၏ဦးလေးသည် ၄-၁၀-၂၀၀၄ရက် နံနက် ၄း၅၀ နာရီတွင် U.H.Cဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆-၁၀-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
### ဒေါ်မာထူး (မော်လမြိုင်)
### အသက်(၈၈)နှစ်

(ဦးအောင်သာ-ဒေါ်မမလေး)တို့၏သမီး၊ (ဒေါ်ငွေညွှန့်)၊ (ဒေါ်မြ)၊ (ဒေါ်နု)တို့၏ညီမ၊(ဦးထွန်းကြင်)၏ဇနီး၊တောင်ဒဂုံမြို့နယ်နေ ဦးဇင်းဦးသြဘာ၏ မယ်တော်သည် ၃-၁၀-၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

၉-၁၀-၂၀၀၄ရက်(စနေနေ့)တွင် တိုက် ၄၊ အခန်း ၄၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးရိပ်သာ၊ ဒဂုံမြို့နယ်နေအိမ်တွင် ရက်လည်ဆွမ်းဆက်ကပ်မည်ဖြစ်ပါသောကြောင့် ဆွေမျိုးမိတ်သင်္ဂဟတို့အား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
### ဦးရဲမြင့် (ရဲအငြိမ်းစား)
### (အောင်မေတ္တာကားဂိတ်)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၈ လမ်း၊ အမှတ် ၁၇ နေ (ဦးလှမောင်-ဒေါ်ချစ်)တို့၏သား၊ (ဦးလှဖေ)-ဒေါ်စောတို့၏သားသမက်၊ ဒေါ်အေးအေးမြင့်(အုန်း)၏ခင်ပွန်း၊ (ဒေါ်သန်းရီ)၊ (ဦးဝင်းတင်)-ဒေါ်စောရီ၊ ဒေါ်တင်နွဲ့(ပြုံးပန်းတစ်ရာစာပေ)၏အစ်ကိုကြီး၊ ဦးသိန်းဝင်း၊ဗိုလ်ကြီးအောင်ကျော်မိုး(ငြိမ်း)(ခရိုင်ဦးစီးမှူး၊ ကညနရှေ့တန်းရုံး၊တာချီလိတ်)-ဒေါ်မေသုဝင်း(ပသအ)တို့၏ဖခင်၊ မမီဒီမိုး(VII၊ အထက-၁၊ဒဂုံ)၊ မောင်ရဲရင့်အောင် (TTC)၊ မောင်ကောင်းခန့်ဇော် (စံပြရင်သွေးအိမ်မူကြို)၊ မသီရိသိန်း၊ ဗိုလ်ဝင်းမင်းသိန်းတို့၏အဘိုး၊ ဦးဇော်သိန်း (ဦးစီးအရာရှိ၊ အကောက်ခွန်၊ နစက၊ တာချီလိတ်)-ဒေါ်ရီရီစိုးတို့၏ဘကြီးသည် ၃-၁၀-၂၀၀၄ရက် မွန်းလွဲ ၂း၁၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၅-၁၀-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးသာရွှေ
### ဒုအရာခံဗိုလ်(ငြိမ်း)
### (လေးတောင်၊ ဇရပ်ပြင်ရွာ)
### အသက်(၆၁)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်ဇရပ်ပြင်ရွာနေ (အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးဘထွန်း)-ဒေါ်အေးစိန်တို့၏သား၊ ဦးသိန်းဟန် (ဒုအရာခံဗိုလ်၊ ငြိမ်း) - ဒေါ်အေးတင် (ဌာနစုမှူး၊ကစလ-၁)၊ အရာခံဗိုလ် ကျော်ဝင်း(ကကဆေး)-ဒေါ်ခင်ခင်သန့် (ကျောင်းအုပ်၊ အမက-၇၊ လမ်းမတော်)၊ အရာခံဗိုလ်အနီချေ - ဒေါ်သန်းကြွယ် (အလက-၄၊ မ/ဥက္ကလာပ)၊ ဦးစိန်သင်း (အထက၊ ဇရပ်ပြင်)-ဒေါ်ခင်မေသန်း၊ ဦးကြည်လွင်(တိုင်းရင်းဆေး)-ဒေါ်ရီရီခင်၊ကိုဝင်းရွှေ(ကိုဝင်းနိုင်)တို့၏အစ်ကိုကြီး၊ မောင်တင်အောင်သန့်၊ မဝင့်နန္ဒကျော်၊ မမြတ်သဉ္ဇာကျော်၊ မခင်ဦး၊ မောင်အောင်ကျော်မင်းထွန်းတို့၏ဘကြီးသည် ၃-၁၀-၂၀၀၄ရက် (တနင်္ဂနွေနေ့) တွင် မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမောင်နှမတစ်စု။

## ဒေါ်စိန်စိန်ကြည်
### အသက်(၅၀)

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ၁၄ လမ်း၊ အမှတ် ၃၇၁ နေ (ဦးလှရွှေ-ဒေါ်လှမေ)တို့၏ သမီးကြီး၊ လှိုင်သာယာမြို့နယ်နေ ဦးအောင်ခင်-ဒေါ်လှရွှေ(ခ)ဒေါ်ရွှေတို့၏ သမီးချွေးမ၊ဦးစိုးတင့်၏ဇနီး၊ ဦးရဲမြင့်(ကညန၊ တိုင်းရုံး)-ဒေါ်တင်နွယ်နွယ်ထွန်း၊ ဦးလှမြင့်(စာပေဗိမာန်စာကြည့်တိုက်၊မန္တလေး) တို့၏ညီမ၊ (ဦးခင်ဝင်း)-ဒေါ်သန်းသန်းငွေတို့၏အစ်မ၊ မောင်ညွန့်လွင်-မယဉ်နွယ်စိုး၊ မောင်သက်အောင်စိုး၊ မောင်လှမြင့်သန်း-မဇေကရီစိုး၊ မောင်ထက်အောင်စိုးတို့၏မိခင်၊ မဥမ္မာဝင်း၊မကေခိုင်ဝင်း (ဗဟန်းစည်ပင်)၊မောင်ဇော်မျိုးဝင်းတို့၏ကြီးမေ၊မောင်ဇေယျာရဲလင်း(အမက-၂၉)၏အဒေါ်၊မြေးလေးယောက်တို့၏အဘွားသည် ၃-၁၀-၂၀၀၄ရက် (တနင်္ဂနွေနေ့) တွင်ကွယ်လွန်သွားပါ၍ ၅-၁၀-၂၀၀၄ ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ
### ဆရာတော် ဘဒ္ဒန္တသြဘာသ
### မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ
### လေးဂိုဏ်းထောင့်စာသင်တိုက်ဦးစီးပဓာနနာယကဆရာတော်
### တောင်ငူမြို့
### သက်တော်(၇၃)နှစ်၊ သိက္ခာတော်(၅၃)ဝါ

ပဲခူးတိုင်း၊ တောင်ငူမြို့၊ (၁၈)ရပ်ကွက်၊ လေးဂိုဏ်းထောင့်စာသင်တိုက်ကြီး၏ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသြဘာသသည် ၁၃၆၆ခုနှစ် တော်သလင်းလပြည့်ကျော် ၆ ရက်(၄-၁၀-၂၀၀၄ရက်)တနင်္လာနေ့ နံနက် ၀၀း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ ရက်(၈-၁၀-၂၀၀၄ ရက်) သောကြာနေ့ မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ
လေးဂိုဏ်းထောင့်စာသင်တိုက်၊တောင်ငူ။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တ ကုဏ္ဍာသိရိ
### ပရိယတ္တိသာသနဟိတဓရေဂုဏဝိသိဋ္ဌ
### စူဠဂန္ထဝါစကပဏ္ဍိတ၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ
### သက်တော်(၇၀)၊ သိက္ခာတော်(၅၁)ဝါ

စစ်ကိုင်းတိုင်း၊ အင်းတော်မြို့၊ မြို့မပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍာသိရိ မဟာထေရ်မြတ်သည် ၁၃၆၆ခုနှစ် တော်သလင်းလပြည့်ကျော် ၃ ရက် (၁-၁၀-၂၀၀၄ရက်) သောကြာနေ့ နံနက် ၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် သီတင်းကျွတ်လဆန်း ၂ ရက် (၁၅-၁၀-၂၀၀၄ရက်) သောကြာနေ့တွင် နိဗ္ဗာန်ကျောင်းတင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား သိစေအပ်ပါသည်။ အန္တိမဈာပနရက်ကို ထပ်မံကြေညာပါမည်။

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

## ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
### ဒေါ်မမလေး (တောင်ငူ)
### အသက်(၉၅)နှစ်

တောင်ငူမြို့နေ(အရေးပိုင် ဦးလှမြင့်)၏ဇနီး၊ ဒေါ်ခင်မမ၊ (ဗိုလ်မှူးနေဝင်း)၊ ဒေါ်ခင်မြမြ-ဦးသန်းတင်၊ ဦးချာလီကျော် ငြိမ်း၊ ဒေါ်နီနီလှမြင့်-ဒုတိယဗိုလ်မှူးကြီး အေးဇော်၊ ဒေါက်တာသော်ထိုက် (ဝေါမြို့နယ် ဆရာဝန်ကြီး) - ဒေါ်နီလာဦးတို့၏ မိခင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၄-၁၀-၂၀၀၄ရက်(တနင်္လာနေ့)တွင် ရန်ကုန်မြို့ B-၆၆/၁၁၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ရပ်ထျန်စိန်(ခ)ဦးလှခင်
### အသက်(၈၀)

ရန်ကုန်မြို့နေ ရပ်ကင်လိန်-တန်ရင်ဟူတို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊မလ္လကုန်းဌေးကြွယ်(က)ရပ်ကွက်၊ သုဒဿနလမ်း၊ အမှတ် ၅ (တတိယထပ်)နေ Daw Ruby ၏ ခင်ပွန်း၊ ဦးစိုင်းယုံး-Daw Lorraine၊ ဦးအောင်မြဦး-ဒေါ်ခင်စုစု၊ ဦးနိုင်ဝင်းအောင်-ဒေါ်နီလာတို့၏ဖခင်၊ Adrian, Hubert, Alan, Andrew, Elton တို့၏အဘိုးသည် ၃-၁၀-၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက် ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၀၄ ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးအောင်မင်း (ဗဟိုစည်)
### (လမ်းမတော် သ/မ၊ ငြိမ်း)
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁၃) ရပ်ကွက်၊ ဘောဂမြိုင်လမ်း၊ အမှတ် ၂၇ နေ (ဦးဘတင်-ဒေါ်ခင်ထွေး)တို့၏သား၊ ဒေါ်ခင်အုန်းမြင့်၏ခင်ပွန်း၊ မယဉ်မင်းအောင်(ILBC၊ ဗဟန်း)၊ မောင်ဖြိုးနေလင်းအောင်တို့၏ဖခင်၊ (ဒေါ်စန်းရီ) ဦးတင်ညွှန့် ဒေါ်ခင်ရီ၊ ဦးသောင်း (ဒေါ်ခင်ဆွေမြင့်) ဦးထွန်းကြည်တို့၏မောင်၊ [ဦးစိုးလွင်(ခ)အန့်ကူ] ဒေါ်အမာတင်တို့၏အစ်ကိုသည် ၃-၁၀-၂၀၀၄ ရက်(တနင်္ဂနွေနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၁၀-၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယကာကြီး
### ဗိုလ်မှူးကြီးတင်မောင် (ငြိမ်း)
### ဒုတိယဝန်ကြီး(ငြိမ်း)
### အသက်(၈၃)နှစ်

မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ရေစကြိုမြို့နယ်၊ပခန်းကြီးမြို့ဟောင်းနေ(ဦးစက်-ဒေါ်စောမြင့်)တို့၏သား၊ရေစကြိုမြို့၊ မြို့မကျောင်းဆရာမ ဒေါ်ခင်လှ(ငြိမ်း)၊ ပခန်းကြီးမြို့ဟောင်းနေ ဒေါ်ခင်မြ၏မောင်၊ ဦးတင်နု-ဒေါ်ခင်ထွေးတို့၏အစ်ကိုကြီး၊ ရေစကြိုမြို့ ဈေးတောင်ဘက်နေဒေါ်သန်းတင်လှ၏ခင်ပွန်းသည် ၃-၁၀-၂၀၀၄ ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဦးအေးသောင်း
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ ၈ လမ်းအရှေ့နေ ဦးမောင်ဘဏ်-ဒေါ်ငယ်တို့၏သားကြီး၊ ဦးသိန်းမြင့်-ဒေါ်ငွေငွေ၊ ဦးတင်ညို-ဒေါ်ညွန့်ကြည်၊ ဦးခင်မောင်ထွေး-ဒေါ်ဝင်းတို့၏အစ်ကိုကြီး၊ ဒေါ်သန်းတင်၏ခင်ပွန်း၊ ကိုခင်ဇော်၊ ကိုစောလွင်-မဝင်းငွေ၊ မောင်မြတ်ကိုကိုတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၄-၁၀-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၁၀-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးအောင်ကြီး (လှိုင်ကော်)
### အထက(၂)ကမာရွတ်
### (ယခင် စိန့်ဩဂတ်စတင်း ကျောင်းသားဟောင်း)
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊သံသုမာလမ်း၊ အမှတ် ၁၆၁/၂၊ စီမံကိန်းမှတ်တိုင်နေ (ဦးမောင်မောင်ကြီး-ဒေါ်ခင်ခင်စိန်)တို့၏ သား၊ ဦးမျိုးညွန့်-ဒေါ်စမ်းစမ်းနွယ်၊ ဦးသိန်းဖေ-ဒေါ်မြရီတို့၏ညီ/မောင်၊ ဦးသိန်းငွေ - ဒေါ်ဖြူဖြူသင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး)၊ဦးအောင်သိန်း-ဒေါ်အေးပွင့်တို့၏အစ်ကို၊ဒေါ်သိန်းမေ(လက်ထောက်မန်နေဂျာ၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ရုံးချုပ်)၏ခင်ပွန်း၊ မပွင့်ဦးဆွေ၊ မမေလတ်ချို၊ ကိုတင့်လွင်ဦး-မနှင်းဝေအောင်တို့၏ဖခင်သည် ၃-၁၀-၂၀၀၄ ရက်(တနင်္ဂနွေနေ့)နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

# မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အထက(၁)စမ်းချောင်း ပညာရည်မြင့်မားရေးအထောက်အကူပြုပစ္စည်းလှူဒါန်းပွဲ တက်ရောက်အားပေး

## ကျောင်းသားကျောင်းသူများ အထောက်အကူပြုပစ္စည်းများဖြင့် လေ့ကျင့်နေမှုကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၄

**ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲအခမ်း အနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊

*စာမျက်နှာ ၈ ကော်လံ ၁ ✻*



**မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း Language Lab Room ၌ ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများ တပ်ဆင်ထားရှိမှု၊ ဆရာ ဆရာမများ၏ ကြီးကြပ်သင်ကြားမှုနှင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)**

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများပါဝင်ဆောင်ရွက် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းရေး ကျရာကဏ္ဍက ညီညီညွတ်ညွတ်ဝိုင်းဝန်းကြိုးပမ်း ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၄

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်း အဆင့်မြင့်စည်းရုံးရေးသင်တန်း အမှတ်စဉ်(၄/၂၀၀၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ လေ့ကျင့်ရေးသင်တန်းကျောင်း ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

### တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း (အငြိမ်းစား)၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ သင်တန်းကျောင်းအုပ်ကြီး၊ သင်တန်းမှူး၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁ ✡*

### အမှာစကားပြောကြား

**မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်း အဆင့်မြင့်စည်းရုံးရေးသင်တန်း အမှတ်စဉ် (၄/၂၀၀၄) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)



